မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ
ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းနှင့် လက်ထောက်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ကျင်းပသည့် ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းနှင့် လက်ထောက်များ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)မှ တာဝန်ရှိသူများနှင့် ဆေးရုံတက်လူနာများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

တွက်ခြေလည်းကိုက် တောင်သူများကြိုက်သည့်
ပဲ၊ ပြောင်းနှင့် မုန်လာ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်း

ဈေးကွက်တွင် ရောင်းချရန်အတွက် လှည်းပေါ်သို့ တင်ဆောင်ထားသော မုန်လာဥများကို ဤသို့ တွေ့မြင်ရသည်။

➢ သတင်းခရီးသည် - ကျော်သူဝင်း (မြန်မာ့အလင်း)
➢ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မတ်လ ၂ ရက်နေ့သည် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။

တောင်သူလယ်သမားများသည် စိုက်ပျိုးသီးနှံအထွက်တိုးစေရန် နိုင်ငံအဝန်း ကြိုးပမ်းနေကြသူများ ဖြစ်ပါသည်။ ၎င်းတို့၏ကြိုးပမ်းမှုကို ဂုဏ်ပြုရင်း....။

ရာသီအလိုက် သီးနှံများကို တောင်သူဦးကြီးတို့ ကြိုးစားပမ်းစား စိုက်ပျိုးနေကြပုံ၊ ထိုသို့ စိုက်ပျိုးရာမှ အောင်မြင်ဖြစ်ထွန်းလာပုံ၊ အောင်မြင်ဖြစ်ထွန်းလာသော ရာသီ သီးနှံများကို အကြောင်းပြု၍ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာပုံ စသည့် ကြည်နူးအားရဖွယ် မြင်ကွင်းအဖုံဖုံတို့ကို ပြည်သူများထံ သတင်းစကားပါး ရေးသားတင်ပြနိုင်ရန် မြန်မာ့အလင်း သတင်းအဖွဲ့သည် တောင်သူများရှိရာ လယ်ယာခွင်ဆီသို့ ဖေဖော်ဝါရီ ၂၆ ရက်က ခရီးဆန့်ခဲ့ကြသည်။

ပျားပန်းခပ်မျှစည်ကား

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သူဌေးကုန်းရွာရှိ နွယ်ရစ်-သူဌေးကုန်းကားဂိတ်သည် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ဆီသို့ သီးနှံများကို ရောင်းဝယ်ဖောက်ကားရာ နေရာတစ်ခုဖြစ်သည့်အလျောက် နေ့စဉ်နေ့တိုင်း ဒေသထွက်လယ်ယာသီးနှံများဖြင့် အရောင်းအဝယ်ဖြစ်ကာ သီးနှံကုန်သည်များ ပျားပန်းခပ်မျှ စည်ကားနေသည့် နေရာဖြစ်သည်။ ယင်းကားဂိတ်၌ အရောင်းအဝယ်ဖြစ်နေသော သီးနှံများမှာ ဂေါ်ဖီ၊ ပန်းမုန်လာ၊ မုန်လာဥနှင့် ပြောင်းဖူးတို့ ဖြစ်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

ပြောင်းပင်များ ရှင်သန်အောင်မြင်နေမှုကို ဤသို့ တွေ့ရသည်။

1-3 (01).pmd 1 3/1/2011, 2:21 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၁ ရက်)

သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးထိန်းသိမ်း

မြန်မာနိုင်ငံ၏ အကျယ်အဝန်းထက်ဝက်ကျော်သည် သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ သစ်တောများသည် အဖိုးတန်သယံဇာတများဖြစ်ရာ အဆိုပါသယံဇာတများပျက်စီးပါက ရေသယံဇာတ၊ မြေသယံဇာတများလည်း ဆက်စပ်ဆုံးရှုံးမည်ဖြစ်၍ နိုင်ငံတော်အစိုးရသည် ရေရှည်အကျိုးစီးပွားကိုကြည့်ရှုကာ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။

သစ်တောကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ထင်းအစားအခြားလောင်စာသုံးစွဲခြင်း၊ သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ ရွှေ့ပြောင်း တောင်ယာစနစ် ပပျောက်စေရန် ဆောင်ရွက်ခြင်း၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ စည်းကမ်းမဲ့ထုတ်ယူမှု ထိန်းသိမ်းခြင်း၊ လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

သစ်တောရှိပါမှ ရေရှိမှာဖြစ်သကဲ့သို့ သစ်တောရှိမှ မြေဆီလွှာတိုက်စားခံရမှု သက်သာမည်ဖြစ်သည်။ သို့ဖြစ်၍ ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်ရေးအတွက် အဓိကကျသည့် သစ်တောစိုက်ပျိုးခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

သစ်တောသစ်ပင်များသည် ပတ်ဝန်းကျင်အခြေအနေကောင်းမွန်သည်နှင့်အမျှ မြေပြိုတိုက်စားမှုကို ကာကွယ်နိုင်ခြင်း၊ ရေကောင်းရေသန့်ရရှိခြင်း၊ ရှုခင်းသာယာလှပခြင်းနှင့် အပန်းဖြေအနားယူနိုင်ခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ သားငှက်တိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ ရေဝေရေလဲ ထိန်းသိမ်းနိုင်ခြင်း၊ ရေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်း စသောအကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝအစဉ်ကောင်းမွန်နေခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ရေမြေသဘာဝအစဉ်ကောင်းမွန်ခြင်း၊ ရာသီဥတုမှန်ကန်မှုရှိခြင်းတို့သည် သစ်တောသစ်ပင်များကို စနစ်တကျထိန်းသိမ်းထားခြင်းကြောင့် ဖြစ်သည်။

သို့ဖြစ်ပေရာ ဖြစ်ထွန်းတည်ရှိပြီးဖြစ်သော သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ရန်အတွက် သစ်တောသယံဇာတများမပျက်စီးစေရန် ပြည်သူများ ဝိုင်းဝန်းပါဝင် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဒုတိယအကြိမ် တိုင်းရင်းဆေး သုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်က အဆိုပါတက္ကသိုလ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုင်းရင်းဆေးသုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အရိုးအထူးကုဆေးရုံကြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ အလှူငွေများပေးအပ်ပြီး အရိုးအထူးကုဆေးရုံအုပ်ကြီးက ဆေးရုံ၏သမိုင်းကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားကာ တိုင်းမှူးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ

အင်းစိန်မြို့နယ်၌ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အင်းစိန်မြို့နယ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် ညပိုင်းက အင်းစိန်မြို့နယ် ပင်မယန္တရားတောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဆုပေးပွဲတွင် ဝတ်စားဆင်ယင်မှုပြိုင်ပွဲ၌ တတိယဆုရရှိသော ဈေးကုန်းအနောက်ရပ်ကွက်မှ မဝင်းသန္တာလွင်အား ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးကလည်းကောင်း၊ ဒုတိယဆုရရှိသွားသော ကမ်းနားအလယ်ရပ်ကွက်မှ မအိမွန်ဖြိုးအောင်အား အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြကလည်းကောင်း ဆုချီးမြှင့်ပြီး ပထမဆုရရှိသော တောင်သူကုန်းရပ်ကွက်မှ မငြိမ်းပြည့်စုံအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက သရဖူနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မီးမလောင်ခင် သတိယှဉ်
ကြိုတင်ကာကွယ်ပါ

မရမ်းကုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂၉)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ ပညာရည်ချွန်ဆုရရှိသူ စတုတ္ထတန်း ကျောင်းသား မောင်ကောင်းဆက်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးအောင်က ဆုချီးမြှင့်စဉ်။ (၀၁၅)

မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် Future Engineering Group တို့မှ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာ စစ်တုရင်အလွတ်တန်း(တစ်ဦးချင်း)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ MGB Business Group ဥက္ကဋ္ဌ ဦးသန်းထွေးက မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ ရန်ပုံငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံယူသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ Future Engineering Group ဥက္ကဋ္ဌ ဦးခင်မောင်ဟန်တို့က ငွေသားဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာစစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က တတိယဆုရ ငြိမ်းချမ်း (လယ်ယာ/ဆည်မြောင်း)အား လည်းကောင်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဒုတိယဆုရ ဇော်ဝင်းလေး (လယ်ယာ/ဆည်မြောင်း)အား လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ ဝင်းဇော်ထွန်း(လယ်ယာ/ဆည်မြောင်း) အားလည်းကောင်း ဆုဖလားရုပ်တုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

ကြက်ငှက်တုပ်ကွေးရောဂါစူးစမ်းရှာဖွေရေး ဖလမ်းမြို့နယ်၌ စည်းဝေး

ဖလမ်း ဖေဖော်ဝါရီ ၂၈

ဖလမ်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးလုပ်ငန်း အဋ္ဌမအကြိမ် လပတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖလမ်းခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်ဦးက အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မြို့နယ်ဦးစီးမှူး ဦးရွှေအောင်နှင့် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် တိ/မွေးကု)

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၀)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း အမှတ် ၆၅၅ နေ နှစ်ဖက်မိဘ၊ ဘိုးဘွား၊ မောင်နှမများနှင့်သား၊ ဦးလေးတို့အားရည်စူး၍ ဦးထွန်းဝေ-ဒေါ်လှမြင့်၊ သမီး မသူဇာသွင်၊ မောင်ဇော်နိုင်၊ မြေး မောင်တီတမိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးလက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အမျိုးသားပညာရည်မြင့်မားမှုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်နှင့် စွမ်းရည်တို့ကို မြှင့်တင် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသားပညာရေးတာဝန်များကို အလေးအနက်သိမြင်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းအောင်၊ တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို ပြည်သူများ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ ကူးပြောင်းတည်ဆောက်နေချိန်ဖြစ်ကြောင်း။

လွှတ်တော်အစည်းအဝေးများ

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးတက် ဖြစ်ထွန်းနေမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာလာမှုတို့၏ အကျိုးဆက်စွမ်းအားကောင်းများကြောင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ဦးတည်ချက်ရှိရှိဖြင့် ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၆)အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို နေပြည်တော်တွင် ကျင်းပလျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း လွှတ်တော်အစည်းအဝေးများကို စနစ်တကျ ကျင်းပဆောင်ရွက်လျက်ရှိနေကြောင်း။

လွှတ်တော်အစည်းအဝေးများတွင် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ပြီး တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍအလိုက် ရွေးကောက်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းများအား ကိုယ်စားလှယ်တစ်ဦးစီ၏အမြင်၊ သဘောထားဆန္ဒများအလျောက် နှစ်သက်သလို လွတ်လပ်စွာအဆိုပြုသူ၊ ထောက်ခံသူများဖြင့် ဒီမိုကရေစီနည်းလမ်းတကျ စနစ်တကျ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေကြရမည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အရ လွှတ်တော်မှ ဖွဲ့စည်းပေးသည့် အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ခြင်းဆိုသည့် အခန်းကဏ္ဍကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် အခုကဲ့သို့ ပေါ်ထွန်းလာသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ တည်တံ့ခိုင်မြဲပြီး ပြည်သူလူထုအကျိုးစီးပွားကို ရေရှည်ဖော်ဆောင်နိုင်ရေးအတွက် စီးပွားရေး၊ ကူးသန်းဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီး၏ အခြေခံအဆောက်အအုံများ၊ ပတ်ဝန်းကျင်အခြေအနေကောင်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဤအခြေအနေကောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်စေရေးအတွက် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းနေသည်သာမက ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် အနှောင်အဖွဲ့ကင်းကင်း၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရှင်သန်နိုင်စေရေးဆိုသည့် ဦးတည်ချက်ဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ခွန်ကိုယ့်အားနှင့် ကြိုးပမ်းတည်ဆောက်နေခြင်းလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

ယခုကဲ့သို့ အချိန်အခါမျိုးတွင် နိုင်ငံတော်အတွင်း စက်မှုသိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းအားများ၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှုစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အဓိကလိုအပ်သကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားများလည်း ထွန်းကားခိုင်မာစေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားမှုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေး စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၊ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများကိုပါ တစ်ပါတည်း ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍ ဦးတည်ချက်များ အောင်မြင်ရေးအတွက် အမျိုးသားရေး အသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကြိုးပမ်းသွားကြရန်။
- အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အမျိုးသားပညာရေး တာဝန်များ၏ မွန်မြတ်ကြီးလေးမှုကို အလေးအနက်သိမြင်ပြီး မိမိတို့၏ အဆင့်မြင့်ပညာကဏ္ဍ ပညာရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရေးအတွက် သင်တန်းကာလတစ်လျှောက် သင်ကြားပို့ချမှုများကို တက်တက်ကြွကြွ ဆည်းပူးလေ့လာသွားကြရန်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၉)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၆)
၈:၄၀ Super Star Singing Contest မှ မွေးဖွားလာတဲ့ကြယ်ပွင့်များ
၉:၀၅ ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနား
၉:၂၅ ကြည်နူးပြုံးပျော်စေမှာ… OK Myanmar
၉:၄၅ Cartoon Show Time (Megamind 3D)
၁၀:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၂၅ Activities in the City -အောင်ဆန်းသူရိယလှသောင်း တပ်မတော်အထက်တန်းကျောင်း -ကူးစက်ရောဂါနှင့်နာတာရှည် ရောဂါဝေဒနာရှင်များအတွက် ကျန်းမာရေးရန်ပုံငွေအစီအစဉ်
၁၀:၅၅ Celebrity Style (ဖေယျ)
၁၁:၂၅ International Show Biz
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅ တွံတေးမြို့ မြတ်ဆရာပူဇော်ပွဲ
၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Dumex ကလေးငယ်များပျော်ပွဲရွှင်ပွဲ)
၁၂:၄၀ သဲတောမြို့အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲ
၁:၀၀ **ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ ပဲခူးခရိုင်အတွင်းရှိကျေးရွာ စာကြည့်တိုက်များအားကွင်းဆင်း စစ်ဆေးမှုအစီအစဉ်
၂:၄၀ Activities in the City (547 Trading နှင့် မိတ်ဖက် ကုမ္ပဏီများ၏အထူးဈေးရောင်း ပွဲတော်)
၂:၅၀ အ·ထ·က(၆)အလုံရဲ့ မြင့်မြတ်တဲ့ မြတ်ဆရာပူဇော်ပွဲ
၃:၀၅ ရန်ကုန်မြင်ကွင်းကျယ် **ပန်းများအလှထာဝရ** ပန်းပြင်ဆင်မှု အလှပြိုင်ပွဲ
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၉)
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၆)
၄:၅၅ T-Home ရောင်စုံသင်္ကြန်ကို ကြိုတင်ခံစားခြင်း
၅:၂၀ The Champion of Dance
၆:၀၀ MRTV-4 သတင်း
၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (GREE ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၀)
၇:၂၀ Celebrity Choice (အိမ့်ချစ်)
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Calsome ကွေကာကနေ ကြီးမှူးကျင်းပတဲ့ စိတ်လှုပ်ရှား ဖွယ်ရာ မိသားစုအားလပ်ရက်များ ဖြစ်စေဖို့ Family Challenge)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဘုရားသုံးဆူတောင်တော်မဟာမှ အေးရိပ်သာယာဘိုးဘွားရိပ်သာ
၈:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ယုဇနပလာဇာအရောင်းမြှင့်တင် ပွဲနှင့် အလှမောင်မယ်ရွေးပွဲ)
၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၇)
၁၀:၁၀ အနုပညာမိုးကောင်းကင်
၁၀:၃၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **၃+၄=အချစ်**
၁၀:၅၅ World of Knowledge (Japanese Cowboy)
၁၁:၄၅ **လမ်းကလေးပေါ်မှာ စည်းချက်ညီညီ မောင်းကြစို့**
၁၁:၅၅ ဘဝများ (ဝဏ္ဏခွာနီး)
၁၂:၂၅ **ဆန့်ကျင်ကာကွယ်ဆေးလိပ် အန္တရာယ်** ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)
၁၂:၅၅ Box Office Movies (SURRO GATES)
၁:၁၅ **လောကရဲ့အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၁:၃၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၁:၅၅ အဆင့်မီရော်ဘာဖူးဆက်ပျိုးပင် ရရှိရေး
၂:၀၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
၂:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်းသိကောင်းစရာ)
၂:၅၅ မျိုးဂုဏ်မြင့်စေမည့်မြန်မာ့ပန်းယွန်း ပညာ
၃:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၁၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာ ဖွံ့ဖြိုးနေ
၄:၃၀ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄:၅၀ ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Chelsea-Man U	ESPN (Live)

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၅၅	Everton-Reading	STAR SPORTS(Live)

မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၈:၀၀ ၅။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၄:၂၀ ၃။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ အတီးပြိုင်ပွဲ
၄:၅၅ ၇။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅:၂၀ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅ ၉။ **ကြယ်စင်ဥယျာဉ်**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၃)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ရယ်စရာဟာသများ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၇)
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

ခေတ်မီဂျက်တိုက်လေယာဉ် အီရန်တည်ဆောက်

တီဟီရန် ဖေဖော်ဝါရီ ၂၈

အီရန်နိုင်ငံ၏ ခေတ်အမီဆုံး ဂျက်တိုက်လေယာဉ်များကို ပုံစံထုတ်ပြီး တည်ဆောက်မည့်စီမံကိန်းတစ်ရပ်ကို အီရန်လေတပ်က စတင်နေပြီဖြစ်ကြောင်း ပရက်စ်တီဗွီက ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖော်ပြလိုက်သည်။

အီရန်လေတပ်က အဆိုပါစီမံကိန်းကို အီရန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြောင်း အီရန်လေတပ်ထိပ်တန်း တပ်မှူးတစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ်မိုဟာမက်ရီဇာက ဖေဖော်ဝါရီ ၂၆ရက်ကထုတ်ဖော်ပြောကြားသည်။ (အပေါ်ပုံ)

ယင်းခေတ်မီဂျက်တိုက်လေယာဉ်မှာ အသွင်အားဖြင့် အက်ဖ်-၅ အီး/အက်ဖ် တိုက်ဂါး-၂ နှင့်တူပြီး အမေရိကန်လုပ် အက်ဖ်/အေ-၁၈ ဂျက်တိုက်လေယာဉ်နှင့်လည်းတူကြောင်း ပရက်စ်တီဗွီက ဖော်ပြသည်။ (အင်တာနက်)

ယူနီဆက်ဖ်ဒေသတွင်း အထူးသံတမန်အဖြစ် တောင်ပစိဖိတ်မယ်အားခန့်အပ်

ဆူဗာ ဖေဖော်ဝါရီ ၂၈

ဖီဂျီနိုင်ငံမှ တောင်ပစိဖိတ်မယ်ဘွဲ့ရရှိခဲ့သူ နိုင်လာတီကောအား ယခုအခါ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)၏ ပစိဖိတ်ဒေသတွင်း အထူးသံတမန်အဖြစ်ခန့်အပ်လိုက်ပြီဟု အင်တာနက်သတင်းတွင် ဖေဖော်ဝါရီ ၂၇ ရက်က ဖော်ပြပါရှိသည်။ **(အပေါ်ပုံ)**

ဖော်ပြ

ယူနီဆက်ဖ်၏ ပစိဖိတ်ဒေသအတွက် အထူးသံတမန်အဖြစ် နိုင်လာတီကောအား ပထမဆုံး ခန့်အပ်တာဝန်ပေးခြင်းဖြစ်ကြောင်း ယူနီဆက်ဖ်၏ ၂၀၁၁ ခု ကမ္ဘာ့ကလေးများအခြေအနေ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပါဝင်

ယူနီဆက်ဖ်လုပ်ငန်းများ စည်းရုံးလှုပ်ရှားရာ၌ ကမ္ဘာပေါ်မှ ကျော်ကြားထင်ရှားသူများကို အထူးသံတမန်များအဖြစ် ခန့်အပ်လျက်ရှိသည်။ ထိုသို့ခန့်အပ်ရာတွင် ဘောလုံးလောကမှ ထင်ရှားသည့် ဒေးဗစ်ဘက်ခမ်း၊ ဘောလိဝုဒ်မင်းသား အမိတာဘာချမ်း၊ ဟောလိဝုဒ်မင်းသား ဟိုလန်ဒိုဘလွန်း၊ ဂျက်ကီချန်း၊ ဒင်နီဂလိုဗာနှင့် ဝူပီဂိုးဘက်ချ် စသည့် အနုပညာအကျော်အမော်များလည်း ပါဝင်သည်။ **(အင်တာနက်)**

နယူးဇီလန် ခရစ်ချတ်ချ်မြေငလျင် ပျောက်ဆုံးသူရှာဖွေမှု မျှော်လင့်ချက်နည်း

ခရစ်ချတ်ချ် ဖေဖော်ဝါရီ ၂၈

နယူးဇီလန်နိုင်ငံ၌ အင်္ဂါနေ့က အင်အားပြင်းငလျင် လှုပ်ပြီးနောက် ပြိုကျအဆောက်အအုံများ၊ အုတ်ကျိုးအုတ်ပဲ့များကြား၌ ပိတ်မိပျောက်ဆုံးနေသူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းမှာ အသက်ရှင်လျက်ရှိသူများ တွေ့လိုတွေ့ငြား ကြိုးပမ်းသော်လည်း မျှော်လင့်ချက်တဖြည်းဖြည်း လျော့ပါးလာသည် ဆို၏။

ကြုံတွေ့ခဲ့

ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ရေး အစိုးရကလက်လျှော့ရန် ပြင်ဆင်နေပြီဖြစ်သည်။ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ မြေငလျင်ကြောင့် ခရစ်ချတ်ချ်မြို့နှင့် အနီးတစ်ဝိုက်မှာ ငလျင်ဒဏ်ကို အကြီးအကျယ် ကြုံတွေ့ခံစားခဲ့သည်။

များပြား

သေဆုံးသူများ၏ အမည်စာရင်းများ ထုတ်ပြန်ရာ၌လည်း အချို့ကို အမည်နှင့်လူတွဲလျက် အတည်မပြုနိုင်သေးဘဲရှိသည်။ သေဆုံးသူဦးရေမှာလည်း ယခုထက်ပိုမိုများပြားလာနိုင်သည်ဟု ဆိုသည်။ ဒဏ်ရာရသူ ၂၅၀၀ ကျော်ရှိပြီး သေဆုံးသူများတွင် ဂျပန်၊ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံသားများ ပါဝင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံမှ တိုယိုတာကား ငါးထောင်ကျော် ခြေနင်းစနစ် ချွတ်ယွင်း၍ ဂျပန်ကုမ္ပဏီက ပြန်သိမ်းမည်ဟုဆို

ပေကျင်း ဖေဖော်ဝါရီ ၂၈

တိုယိုတာမော်တော်ကား (တရုတ်) ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက ခြေနင်းစနစ် ချွတ်ယွင်းမှုကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း တင်သွင်းရောင်းချထားသည့် ဇိမ်ခံကား ၅၂၀၂စီးကို မတ် ၂၃ ရက်မှစတင်ကာ ပြန်သိမ်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ မော်တော်ယာဉ်အရည်အသွေးစစ်ဆေးရေးအဖွဲ့က ဖေဖော်ဝါရီ ၂၆ ရက်တွင် ကြေညာသည်။ **(ယာပုံ)**

ယင်းပြဿနာနှင့်စပ်လျဉ်း၍ အဆိုပါ စစ်ဆေးရေးအဖွဲ့က ဂျပန်တိုယိုတာ မော်တော်ကားကုမ္ပဏီအနေဖြင့် ဖြေရှင်းချက်ပေးရန် တောင်းဆိုပြီး နောက်တစ်ရက်တွင် တိုယိုတာကုမ္ပဏီက ထိုမော်တော်ကားများကို ပြန်သိမ်းမည်ဖြစ်ကြောင်း အထက်ပါအတိုင်းကြေညာခြင်း ဖြစ်သည်။

၂၀၀၃ခုနှစ် ဖေဖော်ဝါရီမှ ၂၀၀၆ခုနှစ် ဇူလိုင်အတွင်းထုတ်လုပ်သည့် ဇိမ်ခံကား ၅၂၀၂ စီးသည် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်အတွက် မတ် ၂၃ရက်မှစတင်ကာ ကုမ္ပဏီက ပြန်သိမ်းမည်ဟု ကုမ္ပဏီကြေညာချက်တွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဇော်ဦးခိုင် - စုစည်းသည်

ပါကစ္စတန်ရှိဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၈

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်ရှိ ဓာတ်ငွေ့ပိုက်လိုင်းတစ်နေရာကို အမည်မသိလက်နက်ကိုင်များက ဖောက်ခွဲဖျက်ဆီးသဖြင့် ထိုဒေသတွင် ဓာတ်ငွေ့ဖြန့်ဖြူးမှုရပ်ဆိုင်းသွားရသည်ဟု အင်တာနက်သတင်းတွင် ဖေဖော်ဝါရီ ၂၈ ရက်က ဖော်ပြပါရှိသည်။

ဖျက်ဆီးခဲ့

ဘလူချီစတန်ပြည်နယ် ချက်ကော့ဘတ်မြို့နယ် မူဟာမက်ဘတ် မားလော့ကျေးရွာအနီး ဓာတ်ငွေ့ပိုက်လိုင်းကို အမည်မသိသေနတ်သမားများက ဖေဖော်ဝါရီ ၂၇ ရက် နောက်ပိုင်းက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဒေသခံအရာရှိများ၏ပြောပြချက်အရ သိရသည်။

ငြိမ်းသတ်နိုင်ခဲ့

ယင်းဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတာဝန်ရှိသူများရောက်ရှိလာပြီး လောင်ကျွမ်းနေသည့်မီးအား ငြိမ်းသတ်နိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

ဘိုလစ်ဗီးယားနိုင်ငံ၌ ရေလွှမ်းပြီး မြေပြိုမှုဖြစ်ပွား

လာပက်ဇ် ဖေဖော်ဝါရီ ၂၈

ဘိုလစ်ဗီးယားနိုင်ငံ လာပက်ဇ်မြို့တော်အတွင်း မိုးသည်းထန်စွာရွာပြီး မြေပြိုမှုများဖြစ်ပွားသဖြင့် လူနေအိမ် ၃၀၀ကျော် ပျက်စီးကြောင်း အင်တာနက်သတင်း၌ ဖေဖော်ဝါရီ ၂၈ ရက်က ဖော်ပြပါရှိသည်။

အိုးမဲ့အိမ်မဲ့ဖြစ်

တောင်စောင်းမှ မြေပြိုခြင်းမပြုမီ တောင်ခြေဒေသနေပြည်သူများအား ဘေးအန္တရာယ်ကင်းလွတ်ရာသို့ အာဏာပိုင်များက အချိန်မီ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။

ဘိုလစ်ဗီးယား တစ်နိုင်ငံလုံးတွင် ရက်သတ္တပတ်ကြာ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းသည့်အတွက် ရေလွှမ်းမြေပြိုမှုများဖြစ်ပြီး အနည်းဆုံး လူ ၄၀သေဆုံးပြီး ပြည်သူ ၁၀၀၀၀ ကျော်တို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ **(အပေါ်ယာပုံ)** **(အင်တာနက်)**

နယူးဇီလန်၌ ရဟတ်ယာဉ်ပျက်ကျ

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၈

နယူးဇီလန်နိုင်ငံမြောက်ပိုင်း ကမ်းခြေဒေသဖြစ်သည့် လီဗင်မြို့၌ ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်မှူး ဒဏ်ရာရရှိသွားကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပြောကြား

လီဗင်မြို့ အနောက်မြောက်ပိုင်း ၁၀ကီလိုမီတာအကွာရှိ ဟိုကီအို ကမ်းခြေ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ရဲဌာနချုပ်မှ စစ်ဆေးရေးအရာရှိ အန်ဟာရီကပြောကြားသည်။ **(ဝဲပုံ)**

သတင်းထုတ်ပြန်

နယူးဇီလန်နိုင်ငံ ဘလန်ဟင်မြို့မှ ရိုတိုရာမြို့သို့ ပျံသန်းလာသည့် ယင်းရဟတ်ယာဉ်ပေါ်၌ လေယာဉ်မှူးတစ်ဦးတည်းသာပါရှိကြောင်း၊ ပျက်ကျပြီး နံနက် ၉နာရီခန့်တွင် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့နှင့် ဆက်သွယ်ရမိကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

အော်စကာဆုရှင် မင်းသားခရစ္စတင်းဘဲလ်၊ မင်းသမီးနာတလီ ပေါ့ခ်မင်း၊ မီလီဆာလီယိုနှင့် မင်းသားကောလင်းဖတ်သ်(ဝဲမှယာ)။

◆ *ကျောဖုံးမှ*

ကမ္ဘာ့ရုပ်ရှင်လောက၏ အကြီးအကျယ်ဆုံး၊ အနုပညာရှင်တိုင်းအတွက် ရင်အခုန်ရဆုံး၊ ရုပ်ရှင်ချစ်ပရိသတ်များ၏ စိတ်ဝင်တစားအမျှော်လင့်ဆုံး အော်စကာဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းမှာ ကျင်းပခဲ့သည်။

မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဆုပေးပွဲအချိန်မှာ ရာသီဥတု ကြည်လင်နေသည့် ကောင်းကင်သည် ရုပ်ရှင်ကြယ်ပွင့်များကို အားပေးနေသည့်အလား အသွင်ဆောင်လျက်ရှိသည်။

ဆုပေးပွဲ အခမ်းအနားကို ကိုဒက်ပြဇာတ်ရုံကြီး၏ ခမ်းနားလှသည့် စင်မြင့်မှာ ကျင်းပခဲ့သည်။ ဆုပေးပွဲအခမ်းအနား၏ စင်မြင့်ပုံစံဒီဇိုင်းမှာလည်း ခေတ်မီသစ်လွင်လွန်းလှသည်။

အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု (အော်စကာဆု)အတွက် နာမည်ကျော်ကြားနေသည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည့် The King's Speech နှင့် The Social Network ဇာတ်ကားတို့အနက် The King's Speech ဇာတ်ကားက အကောင်းဆုံးဇာတ်ကား အော်စကာဆုဆွတ်ခူးသွားခဲ့သည်။

ဆု ၁၂ ဆု

ဗြိတိန်တော်ဝင်မိသားစုအကြောင်း ရိုက်ကူးထားသည့် ထိုဇာတ်ကားသည် အော်စကာဆန်ခါတင် စာရင်းတွင် ဆုများစွာ ရွေးချယ်ခံထားရသည့် ဇာတ်ကားဖြစ်သည်။ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု အပါအဝင် အကောင်းဆုံး ခေါင်းဆောင် မင်းသားဆု၊ ဇာတ်ပို့မင်းသားဆု၊ ဇာတ်ပို့မင်းသမီးဆု၊ ဒါရိုက်တာဆု စသည်ဖြင့် ဆု ၁၂ ဆုအထိ တစ်ပေးခံခဲ့ရသည့် ဇာတ်ကားဖြစ်သည်။

အကောင်းဆုံးမင်းသားဆုကိုလည်း ယင်း The King's Speech ဇာတ်ကားမှ အဓိကသရုပ်ဆောင် မင်းသားကောလင်းဖတ်သ်က ရရှိသွားခဲ့သည်။ မင်းသားကောလင်းဖတ်သ်သည် ယင်းဇာတ်ကားတွင် ဗြိတိန်ဘုရင် ဂျော့ချ်-၆အဖြစ် အပြောင်မြောက်ဆုံး သရုပ်ဆောင်နိုင်ခဲ့သဖြင့် အော်စကာဆုကို လက်ဝယ်ပိုင်ပိုင် ရရှိသွားခဲ့ခြင်းဖြစ်သည်။

မင်းသမီးဆုနေရာတွင် ဟောလိဝုဒ်၏ ညို့မင်းသမီးများ ဖြစ်သည့် နစ်ကိုးကစ်မင်းနှင့် နာတလီပေါ့ခ်မင်းတို့နှစ်ဦး သတင်းပြေးနေရာ Black Swan ဇာတ်ကားတွင် ပီပြင်စွာ သရုပ်ဆောင်ခဲ့သည့် မင်းသမီးနာတလီပေါ့ခ်မင်းက အကောင်းဆုံး မင်းသမီးဆု ရရှိသွားခဲ့သည်။

အကောင်းဆုံးဇာတ်ပို့ဆုများ

The Fighter ရုပ်ရှင်ဇာတ်ကားမှာလည်း အော်စကာဆု နှစ်ဆုရရှိခဲ့သည်။ ရရှိခဲ့သည့် ဆုများမှာ အမျိုးသားဇာတ်ပို့ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆုတို့ဖြစ်သည်။ သရုပ်ဆောင်ခရစ္စတင်းဘဲလ်က အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုနှင့် သရုပ်ဆောင်မင်းသမီး မီလီဆာလီယို က အမျိုးသမီးဇာတ်ပို့ဆုတို့ကို အသီးသီး ရရှိသွားကြသည်။

ဆုကြီးလေးဆု

အကောင်းဆုံး ဒါရိုက်တာ အော်စကာဆုကို The King's Speech ဇာတ်ကား ရိုက်ကူးသည့် ဒါရိုက်တာ တွမ်ဟူးပါးက ရရှိခဲ့ခြင်းဖြစ်သည်။ The King's Speech ဇာတ်ကားသည် မူရင်းဇာတ်ညွှန်းဆု အပါအဝင် ထူးထူးခြားခြားပင် အဓိက ဆုကြီးလေးဆုကို ဆွတ်ခူးသွားခဲ့ခြင်း ဖြစ်သည်။

အခြားဇာတ်ကား

ယခုနှစ် (၈၃)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင်ဆု လေးဆု ရရှိသွားသည့် အခြားဇာတ်ကားမှာ Inception ဇာတ်ကားဖြစ်သည်။ ထိုဇာတ်ကားသည် အကောင်းဆုံး ဓာတ်ပုံဆု၊ အသံတည်းဖြတ်မှုဆု၊ အသံဖန်တီးမှုဆုနှင့် အကောင်းဆုံး အထူးပြုလုပ်ချက်ဆု စသည့် ဆုလေးဆုကို ပိုင်ဆိုင်သွားခဲ့ကြောင်း သိရှိရသည်။ ။

အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရှင် မီလီဆာလီယို။

အမျိုးသမီးဇာတ်ဆောင်ဆုရ မင်းသမီး နာတလီပေါ့ခ်မင်း၏ ဝမ်းသာပီတိ။

(၈၃)ကြိမ်မြောက် အော်စကာဆုရစာရင်း

စဉ်	ဆုအမည်	
၁။	အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု	The King's Speech
၂။	အမျိုးသားဇာတ်ဆောင်ဆု	Colin Firth (The King's Speech)
၃။	အမျိုးသမီးဇာတ်ဆောင်ဆု	Natalie Portman (Black Swan)
၄။	အမျိုးသားဇာတ်ပို့ဆု	Christian Bale (The Fighter)
၅။	အမျိုးသမီးဇာတ်ပို့ဆု	Melissa Leo (The Fighter)
၆။	ဒါရိုက်တာဆု	Tom Hooper (The King's Speech)
၇။	ဓာတ်ပုံဆု	Wally Pfister (Inception)
၈။	ဖလင်တည်းဖြတ်မှုဆု	Angus Wall and Kirk Baxter (The Social Network)
၉။	နိုင်ငံခြားစကားပြောဇာတ်ကားဆု	In a Better World (ဒိန်းမတ်ရုပ်ရှင်ကား)
၁၀။	အသံတည်းဖြတ်မှုဆု	Richard King (Inception)

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီ ဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဖေဖော်ဝါရီ ၆ ရက်က ဟောင်လိတ်ရပ်ကွက် လေယာဉ်ကွင်းလမ်းနှင့် လမ်းလယ်ပန်းတင်ခုံများအတွင်း ပေါင်းမြက်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးကိုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၆ဝ)

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကျွန်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်ဆိုင်းဘုတ်အနီး အုတ်ပန်းကလပ်ခုံနှင့် မြေယာရှုခင်းပြုလုပ်ထားရှိမှုကို ဖေဖော်ဝါရီ ၈ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကသာမြို့နယ် လမ်းမတော်လမ်း လမ်းလယ်ကျွန်းတွင် သစ်ပင် အကာတန်းများ ပြုလုပ်ခြင်းကို ဖေဖော်ဝါရီ ၈ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့် ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် ငန်းတေးကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၆ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၀၇)

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကွမ်းတုံကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးတင်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း မြန်မာ့သတင်းအချက်အလက်နည်းပညာ ကော်ပိုရေးရှင်းလီမိတက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နဝမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာ့သတင်းအချက်အလက်နည်းပညာ ကော်ပိုရေးရှင်းလီမိတက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နဝမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာအဆောက်အအုံ (Myanmar Info-Tech) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး မြန်မာအင်ဖိုတက်ခ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဂျင်နီယာပညာရပ် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

GALLANT သင်တန်းကျောင်း၌ နိုင်ငံတကာအသိအမှတ်ပြု City & Guilds အင်္ဂလန်နိုင်ငံ အင်ဂျင်နီယာဒီပလိုမာသင်တန်းများနှင့် လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်နှင့် အင်ဂျင်နီယာပညာရပ်အသုံးချကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်များမှာ(လတို) သင်တန်းများဖြစ်၍ အချိန် နှစ်လမှ လေးလအထိသာ ကြာမြင့်ပြီး ကုန်ကျစရိတ်သက်သာသည့် ဘာသာရပ်များဖြစ်သည်။

သင်တန်းများ

လုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာဘာသာရပ်များမှာ တီဗွီ၊ ဒီဗွီဒီ၊ ဗွီစီဒီနှင့် အသုံးချအီလက်ထရွန်နစ် စက်ပြင်သင်တန်း၊ အိမ်၊ စက်ရုံ၊ ဆောက်လုပ်ရေး (သင်္ဘောကျင်းဝါယာရိန်း)၊ အိမ်၊ ကုမ္ပဏီနှင့်ရုံးသုံး အဲယားကွန်းအခြေခံသင်တန်း၊ အဆင့်မြင့်ကွန်ဒီ၊ အရောင်းစင်တာ၊ ဟိုတယ်အသုံးပြုအဲယားကွန်း Duct Line စက်ရုံသုံး မော်တာထိန်းချုပ်မောင်းနှင်သင်တန်း၊ ဂဟေဆက်သင်တန်း (3G, 4G & Low Levy) ပိုက်ပြင်၊ ပိုက်ဆက်သင်တန်း၊ Mechanical & Electrical Competency (M & E) နှင့် Computerized Numerical Control (CNC) သင်တန်းများဖြစ်ပြီး အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများမှာ Auto-CAD(Basic), Auto-CAD (M& E), Programmable Logic Control (PLC) နှင့် Microcontroller Course (or) PIC ဘာသာရပ်များ ဖြစ်သည်။

တက်ရောက်နိုင်

အင်ဂျင်နီယာနှင့် အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများကို အခြေခံပညာအထက်တန်းရှိသူများ၊ ဝိဇ္ဇာ၊သိပ္ပံဘွဲ့နှင့်အင်ဂျင်နီယာ (B. E, A.G.T.I)ရရှိထားပြီး လက်တွေ့ကျွမ်းကျင်မှု ဦးစားပေး သင်ကြားလိုသူများလည်း တက်ရောက်နိုင်သည်။

အင်ဂျင်နီယာဘွဲ့ ဒီပလိုမာအဆင့်ရှိ၍ လက်တွေ့ကျွမ်းကျင်လုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာဘာသာရပ်များ လေ့လာထားပြီး ပြည်ပတွင် Technician အဆင့်၊ Supervisor အဆင့်အထိ တာဝန်ထမ်းဆောင်လိုသူများ တက်ရောက်ထားသင့်သည့် ဘာသာရပ်များဖြစ်သည်။ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိရာ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက အမှတ် ၅ (ဘီ) ၅ လေးလွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်းကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀-၃၂၆၇၀နှင့် ၅၃၉၄၀၃ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လေအေးစက်အရောင်းဆိုင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

M.C.G Co., Ltd. ၏ နှစ်ပတ်လည် ညစာစားပွဲနှင့် Dealers ဆိုင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်ရှိ မြက်ခင်းပြင်၌ ကျင်းပရာ အခမ်းအနားတွင် M.C.G Co., Ltd. ဒါရိုက်တာ ဦးနေမျိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး CHIGO Airconditioner အကြောင်းနှင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ထို့နောက် M.C.G Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်စွာမြင့်နှင့်တာဝန်ရှိသူများက တစ်နှစ်အတွင်း ရောင်းအားအကောင်းဆုံး ဆိုင်များအား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** M.C.G Co., Ltd.သည် အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး Air-Con မျိုးစုံတို့ကို မြန်မာပြည်၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်တင်သွင်းဖြန့်ဖြူး ရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

ဝန်ဆောင်မှု

CHIGO Air-Con မျိုးစုံအား ဝယ်ယူပြီးနောက် ဝန်ဆောင်မှုအနေဖြင့် အာမခံသုံးနှစ်ပေးထားပြီး ပထမတစ်နှစ်တွင် ပစ္စည်းဖိုး၊ လက်ခ အခမဲ့၊ ကျန်နှစ်နှစ်တွင် လက်ခအခမဲ့ဖြင့် သုံးစွဲသူများအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Warranty ကာလကျော်လွန်သွားသော Air-Con များအတွက် လိုအပ်သောပစ္စည်းအစိတ်အပိုင်းများအလွယ်တကူဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

စုံစမ်းမေးမြန်းနိုင်

M.C.G Co., Ltd. က တင်သွင်းရောင်းချလျက်ရှိသော Air-Con မျိုးစုံကိုဝယ်ယူလိုပါက အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများနှင့် ရုံးချုပ် Show Room Service Centre အမှတ်(202/A) အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၇၀၃၄ နှင့် ၇၀၅၀၆၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၂၆) ၉၁လမ်းနေ ဒေါ်ကြင်စိန် မိသားစုက ဦးမင်းစိုးမြင့်နှင့်သား ကိုမင်းသွင်ထူးတို့အား ရည်စူး၍ ဖေဖော်ဝါရီ ၂၀ ရက်က ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို မုဒ္ဒံဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးပိုးရီထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျောင်းကုန်းသစ်ဆိပ် (ဇီးကုန်းသစ်ထုတ်ရေးဒေသ)၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသောင်းထွန်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လက်ထောက် မန်နေဂျာ ဦးသန်းဇော်ထွေးနှင့် ဝန်ထမ်းများ လေ့ကျင့်ဆောင်ရွက်ကြစဉ်။ (၁၁၁)

ခင်ဦးမြို့နယ်မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချစ်ငွေ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်အောင်လင်းနှင့် စခန်းမှူး ရဲအုပ် ရဲခေါင်မြင့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၈၂)



ကြည့်မြင်တိုင်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ်(၁)သစ်စက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို ဇန်နဝါရီ ၂၈ရက်က အဆိုပါစက်ရုံ၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဖေ၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးတင့်ဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၈ ရက်က တောင်ကြီးမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကြစဉ်။ (၁၈၉)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်လေး ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၃ ရက်က မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတိပေးချက်များကို သတိပေးနှိုးဆော်ကြစဉ်။ (၀၉၄)

● *ရှေ့ဖုံးမှ*

တစေ့တစောင်းလေ့လာ

ကျွန်တော်တို့ သတင်းအဖွဲ့သည် မုန်လာဥလှည်းများ ရပ်ထားရာ နေရာသို့ ရောက်ရှိသွားသည်။ ဖြူဖွေးဝတုတ်နေပြီး ကြည့်ရသည်မှာ အမြင်ဆန်းနေသည့် မုန်လာဥများ…။ လှည်းပေါ်တွင် တင်ထားသည့်ပုံက ညီညီညာညာ အစီအရီ။ ထို့ကြောင့် သတင်းအဖွဲ့က မုန်လာဥအကြောင်း တစေ့တစောင်းလေ့လာသိရှိနိုင်ရန် ကုန်သည်တစ်ဦးအား မေးမြန်းရာ "ဒီမုန်လာဥတွေကို

"ဖရဲသီးကို ပိုးဒဏ်ကကင်းအောင် စိုက်ပျိုးထိန်းသိမ်းနိုင်မှ ယခုလို အသီးကောင်းရမှာ ဖြစ်ပါတယ်။"

ဦးဇော်လွင်
(ဖရဲသီးစိုက်တောင်သူ)

သူဌေးကုန်းရွာက ဝယ်ခဲ့တာပါ။ မုန်လာဥတွေကို နေပြည်တော်က ဈေးတွေနဲ့ ရန်ကုန်မြို့၊ မော်လမြိုင်မြို့နဲ့ ဒီအနီးအနားက ဈေးတွေကို ဖြန့်ဝေပေးပို့ပါတယ်။ အခု မုန်လာဥငါးဥတစ်တွဲကို ၅၅ ကျပ်ဈေးနဲ့ ဝယ်ရပါတယ်"ဟု ရှင်းပြသည်။

ဆက်လက် ခရီးဆက်ခဲ့ရာ နွယ်ရစ်ရွာအဝင် ဆင်သေချောင်း၏ သဲဖြူဖြူ ကမ်းနံဘေးတွင် မုန်လာဥခင်းကို တွေ့ရသည်။ ထွားကျိုင်းလှသော မုန်လာဥတွေက အုံ့ဩစရာပင်။ အနီးရှိ ရေလောင်းနေသော တောင်သူတစ်ဦးအား မေးမြန်းရာ "ကျွန်တော်က သူဌေးကုန်းရွာကပါ။ မုန်လာဥတွေ စိုက်ပျိုးထားပါတယ်။ မုန်လာဥက ၄၅ ရက်ကနေ ရက် ၅၀ အကြားမှာ နုတ်ယူလို့ရပါပြီ။ တစ်လခွဲလောက်ပဲကြာတာဆိုတော့ ကျွန်တော်တို့ တောင်သူတွေ တွက်ခြေကိုက်ပါတယ်။ အရင်းနည်းနည်းနဲ့ အကျိုးအမြတ်များပါတယ်"ဟု ရှင်းပြသည်။

ထို့နောက် သတင်းအဖွဲ့သည် ဖရဲသီးများ စိုက်ပျိုးအောင်မြင်နေသည်ဟု ကြားသိရသဖြင့် ဖရဲစိုက်ခင်းရှိရာကွင်းသို့ သွားရောက်၍ ဖရဲစိုက်တောင်သူ ဦးဇော်လွင်အား မေးမြန်းရာ "ကျွန်တော်က နွယ်ရစ်ရွာကပါ။ အခုဂေါ်ဖီ၊ ပန်းမုန်လာနဲ့ ဖရဲတွေကို သူ့ရာသီအလိုက် တစ်နှစ်ပတ်လုံး စိုက်ပျိုးပါတယ်။ အခု ဖရဲခင်းက နှစ်ဧက ကျယ်ပါတယ်။ ဖရဲပင်ပေါင်း ၄၀၀၀ ကျော်ရှိပါတယ်။ အကြီးအသေးအားလုံးဆိုရင် ဖရဲသီး ၆၀၀၀ ကျော်လောက် ထွက်နိုင်ပါတယ်။ ပေါက်ဈေးကတော့ တစ်လုံးကို ကျပ်တစ်ထောင်ခန့်ရှိပါတယ်။"

ဆက်လက်၍ ဖရဲပင်စိုက်ပျိုးပုံနှင့်ပတ်သက်၍ "မြေဩဇာအနေနဲ့ကတော့ သဘာဝမြေဩဇာနွားချေးနဲ့ တီစူပါ၊ ရွက်ဖျန်းအားဆေးတွေ အသုံးပြုပါတယ်။ သီးနှံဖျက်ပိုးတွေကတော့ ရွက်ထွင်းပိုး၊ စုပ်စားပိုးနဲ့ ခြပုံများဖြစ်ပါတယ်။ သီးလုံးကို ခြမဖောက်နိုင်အောင် အသီးအောက်မှာ သဲအိတ်နဲ့ သစ်တုံးလေးတွေ ခံပေးရပါတယ်။ ဖရဲပြီးလျှင် ပဲတီစိမ်းနဲ့ ပြောင်းဖူးတွေကို စိုက်ပျိုးပါမယ်"ဟု ရှင်းပြသည်။

မိမိပိုင်ဆိုင်ထားသော ယာမြေပေါ်တွင် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်း

စိုက်ခင်း၌ အောင်မြင်စွာ သီးနေသော ဖရဲသီးများကို ဤသို့ တွေ့ရသည်။

"ပြောင်းဖူးစိုက်သက်တမ်းက ရက်ပေါင်း ၇၅ ရက်ဆို ရောင်းလို့ရပါပြီ"

ကိုမြင့်နိုင်ဦး
(တောင်သူ၊ နွယ်ရစ်ကျေးရွာ)

ကိုပဲ တစိုက်မတ်မတ် လုပ်ကိုင်နေသဖြင့် သီးနှံများကို မည်သို့စိုက်ပျိုးရမည်၊ အကျိုးအမြတ် ဘယ်လောက်ရမည်၊ ဘယ်အချိန်မှာ ဘာစိုက်လျှင် ကောင်းမည်ကို သိသဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူတို့၏ နေ့စဉ်လူမှုဘဝမှာ မည်မျှပင်ပင်ပန်းပါစေ မိမိစိုက်ပျိုးပြုစုထားသော သီးနှံပင်များ အောင်မြင် ဖြစ်ထွန်းမှုကိုကြည့်၍ ကျေနပ်နေလိမ့်မည်ဟု ထင်ပါသည်။

ရှမျှော်မဆုံး

ဆက်လက်၍ သတင်းအဖွဲ့သည် ရှုမျှော်မဆုံး စိုက်ပျိုးထားသော သီးနှံပင်မျိုးစုံစိုက်ခင်းကို လှည့်ပတ် ကြည့်ရှုရင်း အဖူးများဖြင့် အောင်မြင်နေသည့်

အရွက်ဖားဖားစိမ်းစိမ်းများအောက်၌ ဖြူဖွေးဖွံ့ထွားနေသော မုန်လာဥများကို ဤသို့ တွေ့ရသည်။

လူတစ်ရပ်အမြင့်ခန့်ရှိ ပြောင်းခင်းတစ်ခုကိုတွေ့၍ ပြောင်းစိုက် တောင်သူ ကိုမြင့်နိုင်ဦးအား မေးမြန်းရာ "ယခုစိုက်ထားတဲ့ ပြောင်းတွေဟာ ထိုင်းနိုင်ငံက မျိုးတွေပါ။ ပံ ၇၅ နဲ့ ရွှေပဲဆိုပြီး ဘူးတွေနဲ့ လာတာပါ။ ဒီပြောင်းခင်းဟာ တစ်ဧက စိုက်ထားတာပါ။ တစ်ဧကဆိုရင် ပြောင်းမျိုး လေးဘူးစိုက်ရပါတယ်။ တစ်ဘူးဆိုရင် အစေ့ကြီး ၃၅၀၀ နဲ့ အစေ့သေးဘူးဆိုရင် ၄၀၀၀ လောက်ပါတယ်။ သက်တမ်းကတော့ ရက်ပေါင်း ၇၅ ရက်ဆို ချိုးရောင်းလို့ရပါပြီ။ ဖူးရေအနေနဲ့ တစ်သောင်းခန့်ရှိပါတယ်။ ဈေးကွက်ကတော့ ပုံမှန်မရှိပါဘူး။ အခုဆိုရင် တစ်ဖူးကို ငွေကျပ် ၈၀ မှ ၁၀၀ ဝန်းကျင်ရှိပါတယ်။ ပြောင်းရဲ့ အရင်းအနှီးကတော့ အခု တစ်ဧကစိုက်ခင်းဆို ငွေကျပ် တစ်သိန်းခွဲမှ နှစ်သိန်းလောက် ကုန်ကျပြီး ခြောက်သိန်းခွဲလောက် အနည်းဆုံးရပါတယ်" ဟု ရှင်းပြသည်။

ဝင်ငွေကောင်းသီးနှံ

စိမ်းညို့နေသော ပြောင်းဖူးခင်းကို ကြည့်ရင်း ဝင်ငွေကောင်းသီးနှံ မျိုးစုံကို စိုက်ပျိုးကာ အထွက်တိုးမှ အကျိုးကို ရရှိခံစားနေကြရသည့် တောင်သူကြီးများသည် ချွေး မြေသို့ ကျသော်လည်း အပြုံးမပျက်ပျော်ရွှင်နေကြသည်ကို တွေ့မြင်ခဲ့ကြရသည်။ တစ်နိုင်ငံလုံးရှိ တောင်သူဦးကြီးများ၊ လယ်ယာစပါး စိုက်ပျိုးကြသည့် လယ်သမား ဦးကြီးများသည်လည်း ထို့နှယ်ပင်ရှိကြလိမ့်မည်ဟု တွေးထင်ရင်း ဆတက်ထမ်းပိုး စိုက်ပျိုးနိုင်ပါစေ၊ လူမှုဘဝ မြင့်မားကြပါစေဟု တောင်းဆုပြုကာ တောင်သူလယ်သမားများအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၁-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မျိုးချစ်တပ်မတော်
၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၃၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅ ၉။ အင်္ဂလိပ်စာသုတ
၄:၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၁၁။ အားလုံးရဲ့တာဝန်
၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၂၀)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၆။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆:၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၆၁)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက် (၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ **ဟာသရုပ်စုံ** (အကောင်းမြင်သမား) ချစ်ချောအဖွဲ့နှင့်နောက်တိုးအဖွဲ့
၂၅။ မွေးမြူသုတ
၂၆။ သီချင်းလက်ဆောင်
၂၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန် ကျားတစ်ပြန်** (အပိုင်း-၁၅)
၂၉။ Mini Series

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၂၁ ကို မတ် ၁ ရက် (အင်္ဂါနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Star Movies ရုပ်သံလိုင်း၌ ကြည့်ရှုရမည့် Red Water, Born To Rise Hell, Into The Sun, Blood Creek, Baaria, The Hard Corps, The Fourth Kind, Shrink, Day Breakers, Weather Girl, Sunshine Cleaning, Everybody's Fine, Main Street စသည့် စိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၊ Channel V ရုပ်သံလိုင်းတွင် ကြည့်ရမည့် ဂီတအစီအစဉ်များ၊ TLC ရုပ်သံလိုင်းတွင်ကြည့်ရမည့် Take Home Handyman Special အစီအစဉ်နှင့် တောတောင်သဘာဝများအား တစ်ထိုင်တည်း ရှုစားနိုင်မည့် World's Best Places To Get Wet & Wild အစီအစဉ် အပါအဝင် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ Discovery ရုပ်သံလိုင်းတွင် လူသားများ၏ စိတ်ပိုင်းဆိုင်ရာစွမ်းအင် အကြောင်းပြသမည့် Deception With Keith Barry၊ အပြင်းထန်ဆုံးမုန်တိုင်းများနှင့် ရင်ဆိုင်ကြရပုံများအားကြည့်ရမည့် Storm Chasers အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် တိရစ္ဆာန်များနှင့် စွန့်စားခန်းများအားပြသမည့် Wild Recon Alien Invasion အစီအစဉ်နှင့် ပိုလာဝက်ဝံများအကြောင်း ကြည့်ရှုရမည့် Polar Bears Living On Thin Ice အစီအစဉ်၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ်၏ အဖြစ်ဆိုးအကြောင်း ကြည့်ရှုရမည့် Second From Disaster အစီအစဉ်နှင့် အခြားအစီအစဉ်ကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင် In't Women's Day Special, Search For The First Dog, Predator CIS, Secret of The King Cobra, Lions Behaving Badly, The Red Monkey of The Zanzibar စသည့်အစီအစဉ်များ၊ ESPN နှင့် Star Sport ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Barclays Premier League နှင့် FA Cup ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Multi Max၊ 5 Movie၊ 5 Series၊ 5 Series II၊ 5 Cartoon ရုပ်သံလိုင်းများတွင်ပြသမည့် အစီအစဉ်များအကြောင်း၊ Mandalay FM တွင် နားဆင်ရမည့် 'ဂီတစက်ဝန်း-လေးလေးဝါး'၊ တောင်းလိုက်ကြတဲ့သီချင်းတွေ အစီအစဉ်သစ်များအကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မကြာမီပြသမည့် 'ထူးခြားသောမိသားစု' ကိုရီးယားဇာတ်လမ်းတွဲသစ်၊ MRTV- 4 ရုပ်သံလိုင်း၌ မတ် ၁၅ ရက်တွင် စတင်ပြသမည့် 'အနားမညီအချစ်' ကိုရီးယားဇာတ်လမ်းတွဲသစ်အကြောင်း၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sport, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့်အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (09-5080850, 391186) သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မီးဘေးတားဆီးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ဒဂုံအရှေ့ စက်မှုမြို့စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ဒဂုံအရှေ့စက်မှုမြို့(ကနောင်ခန်းမ)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက တူညီဝတ်စုံများပေးအပ်ပြီး ထူးချွန်သူများအား တာဝန်ရှိသူများနှင့် စက်မှုဇုန်ဥက္ကဋ္ဌ ဦးနေဝင်းဆွေတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ **(မီးသတ်ဦးစီးဌာန)**

ပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)မှ တာဝန်ရှိသူထံ လက်ထောက်အစုံ (၃၀)ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✻ ***ရှေ့ပိုင်းမှ***

ရှေးဦးစွာ ဗိုလ်ချုပ်တင်ဌေသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အားပေးစကား ပြောကြားကာ တာဝန်ရှိသူတစ်ဦးထံ လက်ထောက်အစုံ ၃၀ကို ပေးအပ်လှူဒါန်းသည်။

လက်ခံ

ထို့နောက် တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ရာ ဗိုလ်ချုပ်တင်ဌေက လက်ခံသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်တင်ဌေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ***ကျောဖုံးမှ***

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nobel Gold Limited ဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nobel Gold Limited ဥက္ကဋ္ဌ Mr.Grigory Gurevich က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် Nobel Gold Limited ဥက္ကဋ္ဌ Mr. Grigory Gurevich နှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေ တို့သည် လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ပေးအပ်ခဲ့

ဆက်လက်၍ ဝန်ကြီးဦးအုန်းမြင့်က ဝန်ကြီးဌာန ဓာတ်သတ္တုစမ်းသပ် တိုင်းတာခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခွင့် ခွင့်ပြုမိန့်တို့ကို Nobel Gold Limited ဥက္ကဋ္ဌ Mr. Grigory Gurevich ထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် ၂၀၁၀ ခုနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲကို မတ် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အသင်းရုံးတည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်ဓမ္မာရုံ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များအားလုံးနှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးဒေသဖွားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း၊ အသက်(၇၅) နှစ်နှင့်အထက် အသင်းဝင်များနှင့် မိဘများ၏ အမည်စာရင်းကို အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် နံ့သာကုန်းရိပ်သာလမ်းရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် လျှပ်စစ် ဓားမိန်းခလုတ်မှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် အိမ်ခြေ ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၄ စု အိုးမဲ့အိမ်မဲ့ဖြစ်ကာ အမျိုးသမီးကြီးတစ်ဦး မီးလောင်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရေအေးကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကလေးနှစ်ဦး ဂက်စ်မီးခြစ်ဖြင့် ဆော့ကစားရာမှ မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စုကိုးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရှိရသည်။

အိုးမဲ့အိမ်မဲ့ဖြစ်

အလားတူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ချောင်းဖြူကျေးရွာ၌ လူတစ်ဦး ဂက်စ်မီးခြစ် ဂက်စ်ဖြည့်ပြီး မီးခြစ်ကြည့်စဉ် လက်ကို အပူလောင်သဖြင့် လွှတ်ချရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ခြေ ၂၀၈ လုံး မီးလောင်ကျွမ်းပြီး အိမ်ထောင်စု ၂၅၂ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်းသိရသည်။

တိတိကျကျလိုက်နာ

ပွင့်လင်းရာသီ ရောက်ရှိနေပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းမှုနှင့်အတူ မီးလောင်ပါက အလွယ်တကူ ငြိမ်းသတ်မရဘဲ မီးကူးစက်လောင်ကျွမ်းတတ်သဖြင့် မီးဘေးအန္တရာယ် သတိပေးချက်များ၊ နှိုးဆော်ချက်များ ဟောပြောချက်များကို တိတိကျကျလိုက်နာမှသာ မီးကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်မည်မဟုတ်ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထပ်မံသတိပေးလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး စီရုံ ဒုတိယထပ် အဆောင်(၃) (၄) Gano Excel ခန်းမ၌ မတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ရွှေတောင်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးအပ်မည်ဖြစ်သဖြင့် ဦးရဲလှမြတ် ဖုန်း-၀၉-၄၉၂၀၄၈၈၈၊ ဦးရဲမြင့် ဖုန်း-၀၉-၇၃၀၃၈၉၂၀ နှင့် ဦးတင်ဌေးဦး ဖုန်း-၀၉-၅၀၃၅၈၅၃ တို့ထံ ကြိုတင်အကြောင်းကြားရန်နှင့် ကိုယ်ရေးအထောက်အထားများယူဆောင်လာကြရန် မှာကြားထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၁၁ ခုနှစ် မတ်လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုးအခြေအနေ

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၁ရက် မှ ၁၃ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၆၀ စင်တီမီတာ (နှစ်ပေခန့်)နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

တောင်ပိုင်းစွန်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားမှု၏ အခြေခံဖြစ်သည်

ကျော်ရဲမင်း

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံထားတဲ့ စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံ့သမိုင်းတစ်လျှောက် ဘိုးဘေးဘီဘင်အဆက်ဆက် လက်ထက်ကတည်းက လယ်ယာစိုက်ပျိုးရေးကို အဓိကထားတဲ့ နိုင်ငံဖြစ်ခဲ့တဲ့အပြင် ယနေ့အခါမှာလည်း တစ်နိုင်ငံလုံး အလုပ်လုပ်သူဦးရေရဲ့ အများစုရာခိုင်နှုန်းဟာ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်များချမှတ်ရာမှာ ''စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး'' ဆိုတဲ့ ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးအတွက် ရည်မှန်းချက်ထားပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်ရဲ့ ရေ၊ မြေ၊ သဘာဝသယံဇာတ စွမ်းအားများကို ဖော်ထုတ်မြှင့်တင်ပြီး စိုက်ပျိုးမြေတိုးချဲ့ရေးနဲ့ သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့အတွက် အားထုတ်ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိတာကို တွေ့နိုင်ပါတယ်။

စိုက်ပျိုးမြေတိုးချဲ့ရေးနဲ့ပတ်သက်ပြီး လေ့လာကြည့်ရင် ၁၉၈၈ ခုနှစ်မတိုင်ခင်က မြန်မာနိုင်ငံရဲ့ စပါးစိုက်ဧကဟာ ၁၁ သန်း ကျော်သာရှိခဲ့ပြီး အသုံးမချနိုင်သေးတဲ့ မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော်ရှိခဲ့တာကို တွေ့ရပါတယ်။ ယခုအခါမှာ စပါးစိုက်ဧကအနေနဲ့ မိုးစပါးဧက ၁၆ သန်းကျော်နဲ့ နွေစပါးဧက ၃ သန်းကျော်အထိ တိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆည်တမံတွေ၊ ရေထိန်းတံခါးတွေ၊ မြစ်ရေတင်လုပ်ငန်းတွေ၊ မြေအောက်ရေတွင်းတွေ တိုးတက်ဖော်ဆောင်နိုင်ခဲ့မှုကြောင့် ယခင်က စိုက်ပျိုးမြေစုစုပေါင်း ဧက ၂၃ ဒသမ ၈ သန်းကျော်သာ ရှိခဲ့ရာကနေ ယခုအခါမှာ စိုက်ပျိုးမြေဧကပေါင်း ၅၇ သန်းကျော်အထိ တိုးတက်လာခဲ့ပါတယ်။ အဲဒီအထဲမှာ ယခင်က လုံးဝအသုံးမချနိုင်ခဲ့တဲ့ မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော် အနက်ကနေ စိုက်ပျိုးမြေအဖြစ် ဧက ၁၁ ဒသမ ၇ သန်း ဖော်ထုတ်ပေးနိုင်ခဲ့တာလည်း အပါအဝင်ဖြစ်ပါတယ်။

သီးနှံစိုက်စွမ်းအား တိုးတက်ရေးအပိုင်းကို ကြည့်ပြန်ရင်လည်း ယခင်က ဆည်တာတမံ ၁၃၈ ခုသာ ရှိခဲ့ရာကနေ တည်ဆဲအစိုးရလက်ထက်မှာ ဆည်တမံနဲ့ ရေထိန်းတံခါး ၂၃၃ ခု ထပ်မံတည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် ဆည်ရေသောက်ဧကဟာ ၂ ဒသမ ၈ သန်းကျော်အထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဆည်တာတမံတည်ဆောက်ပေးဖို့ ခက်ခဲတဲ့ဒေသတွေမှာ မြစ်ရေတင်လုပ်ငန်း ၃၂၇ ခုနဲ့ မြေအောက်ရေရရှိရေးအတွက် ရေတွင်းပေါင်း ၈၁၆၂ တွင်းကို ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒီလို စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဖော်ဆောင်ပေးနိုင်ခဲ့လို့ သီးနှံများကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စွမ်းအားရှိသလောက် စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံစိုက်စွမ်းအား တစ်ဟုန်ထိုး မြင့်မားလာခဲ့ပါတယ်။

တောင်သူလယ်သမားတွေဟာ ယခင်က များသောအားဖြင့် မိုးစပါးတစ်သီးတည်းကိုသာ အစဉ်အဆက် စိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ နှစ်သီးစိုက်နိုင်တဲ့လယ်ဆိုတာ အင်မတန်နည်းပါးတဲ့ ပမာဏပဲရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ တစ်သီးသာစိုက်တဲ့ လယ်ဆိုတာ မရှိသလောက်နည်းပါးသွားပြီး များသောအားဖြင့် နှစ်သီး သုံးသီး စိုက်ပျိုးနိုင်ကြပြီဖြစ်သလို သီးထပ်သီးညှပ်စိုက်ပျိုးနည်းများကိုပါ တွဲဖက်လာနိုင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက စပါးတင်းသန်းပေါင်း ၆၃၀ ဝန်းကျင်သာ ထွက်ရှိခဲ့ရာကနေ ယခုအခါမှာ စပါးတင်းသန်းပေါင်း ၁၅၆၀ ကျော်အထိ တိုးတက်ထွက်ရှိလာခဲ့တာကို အထင်အရှားတွေ့ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အခုဆိုရင် ဆန်စပါးထုတ်လုပ်မှုမြင့်မားတဲ့ နိုင်ငံအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်တဲ့အပြင် ပဲမျိုးစုံထုတ်လုပ်မှုနဲ့ပတ်သက်ရင်လည်း အရှေ့တောင်အာရှဒေသအတွင်းမှာ ဦးဆောင်နိုင်ငံ ဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒါ့အပြင် အခြားသီးနှံမျိုးစုံကိုလည်း ယခင့်ယခင်ကထက် အဆပေါင်းများစွာ ပိုမိုထွက်ရှိလာအောင် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အခုချိန်မှာ နိုင်ငံသားအားလုံးစားသုံးဖို့ ဆန်စပါး ဖူလုံလောက်ငရုံသာမက နောင်တိုးတက်လာဦးမယ့် လူဦးရေအတွက်ပါ လုံလောက်နေပြီဖြစ်ပါတယ်။ အလားတူ အခြား အဓိကသီးနှံများဖြစ်တဲ့ အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါနဲ့ ချက်ကြံသီးနှံတွေဟာလည်း ဆိုင်ရာဒေသများအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြပါတယ်။ ကိန်းဂဏန်းနဲ့ဖော်ပြရရင် တစ်နိုင်ငံလုံး အသားတင်စိုက်ဧက ၃၃ သန်းကျော်ရှိနေပြီး သီးနှံစိုက်စွမ်းအားမှာ ၁၇၀ ကျော် ရာခိုင်နှုန်းအထိ မြင့်မားလျက်ရှိကြောင်း သိရပါတယ်။ ဒီတိုးတက်မှုတွေက ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစီးပွားကိုအခြေခံပြီး စက်မှုနိုင်ငံအဖြစ် အဆင့်ဆင့် တက်လှမ်းသွားနိုင်ဖို့အတွက် စိုက်ပျိုးရေးအခြေခံကောင်းတွေကို ပိုင်ဆိုင်နေပြီဖြစ်ကြောင်း ဖော်ညွှန်းနေပါတယ်။

ဒီလို တိုးတက်ဖြစ်ထွန်းမှုတွေကို ပိုင်ဆိုင်နိုင်ဖို့အတွက် နိုင်ငံတော်အပိုင်းကလည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်စေရေးအတွက် စိုက်ပျိုးမြေဧက တိုးတက်အောင်၊ စိုက်ပျိုးရေ အလုံအလောက်ရရှိအောင် အဘက်ဘက်က ကြိုးပမ်းဖော်ဆောင်ပေးတဲ့အပြင် သီးနှံအထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာတွေ ပြန့်ပွားလာအောင်၊ မျိုးကောင်းမျိုးသန့်တွေ အသုံးပြုစိုက်ပျိုးနိုင်အောင်၊ ဓာတ်မြေဩဇာအသုံးပြုနိုင်အောင်လည်း အဘက်ဘက်က အားပေးကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်အောင် စီမံဆောင်ရွက်ပေးခြင်း၊ အဓိကသီးနှံ (၁၀)မျိုး သတ်မှတ်ပြီး အောင်အောင်မြင်မြင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါတွေဟာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေး ရည်မှန်းဆောင်ရွက်ပေးတာဖြစ်သလို လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားထုတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝ အခြေမြင့်တက်လာရေးအတွက်လည်း ကျွဲကူးရေပါ မြှင့်တင်ဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်ရာမှာ အဓိကလူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝ မြင့်မားလာမှသာလျှင် တစ်မျိုးသားလုံးရဲ့ စီးပွားရေးဘဝ စတင်ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် တစ်ဖက်က စိုက်ပျိုးမြေတိုးချဲ့ရေးနဲ့ သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့ကို အားထုတ်ကြိုးပမ်းဖော်ဆောင်ပေးခဲ့သလို အခြားတစ်ဖက်ကလည်း တောင်သူလယ်သမားများ နေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကိုချမှတ်ပြီး လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေနဲ့ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနဲ့ ကျေးလက်စီးပွား တိုးတက်ကောင်းမွန်ရေးစတဲ့ လုပ်ငန်းစဉ် (၅)ရပ်ကို အစဉ်တစိုက် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါ ထပ်တိုးလုပ်ငန်းစဉ် (၂)ရပ်အဖြစ် ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးနဲ့ ကျေးလက် မီးလင်းရေးလုပ်ငန်းစဉ်များအထိပါ တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍဟာ အချိန်တိုအတွင်း သိသိသာသာ တိုးတက်ပြီး ကြီးမားကျယ်ပြန့်လာတာနဲ့အညီ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဖို့ မလွှဲမသွေ လိုအပ်လာခဲ့ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အပိုင်းကရော ပုဂ္ဂလိကအပိုင်းကပါ လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်ထုတ်လုပ်ပြီး တောင်သူလယ်သမားများ အသုံးပြုစိုက်ပျိုးထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက် စသဖြင့် စက်ကိရိယာများသုံးစွဲပြီး ခေတ်မီအဆင့်မြင့်စွာ စိုက်ပျိုးထုတ်လုပ်လာနိုင်ကြတဲ့အတွက် အချိန်၊ လုပ်အား၊ စရိတ် အဘက်ဘက်က သက်သာလွယ်ကူလျင်မြန်ပြီး တောင်သူလယ်သမားတိုင်း အကျိုးထူးကို ခံစားနေကြရပြီ ဖြစ်ပါတယ်။

အတိတ်ကိုပြန်ကြည့်ရင် ကိုလိုနီခေတ်သူ့ကျွန်ဘဝတုန်းက လယ်သမားဘဝဟာ နင်းပြားစစ်စစ် ဖြစ်ခဲ့ပါတယ်။ နယ်ချဲ့အစိုးရက တောင်သူလယ်သမားများအပေါ် အခွန်မျိုးစုံနဲ့ နာလန်မထူနိုင်အောင် ဖိနှိပ်ထားတဲ့အပြင် မြေရှင်ချစ်တီးလူတန်းစားရဲ့ နည်းလမ်းမျိုးစုံနဲ့ ကုပ်သွေးစုပ် အမြတ်ထုတ်မှုအောက်မှာ ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဘဝကို ရောက်ခဲ့ရပါတယ်။ ကျွန်စုပ်တဲ့သရက်စေ့လောက်တောင်မှ မပြောင်ရောင်နိုင်ဘဲ မွဲတေသွေးပျက် ဆင်းရဲတွင်းနက်ခဲ့ရပါတယ်။ တောင်သူလယ်သမားဘဝ ဆင်းရဲနုံချာခဲ့သလို သူတို့နေထိုင်ရာ ကျေးလက်တောရွာများဟာလည်း ကျီးနဲ့ဖုတ်ဖုတ် အနေစုတ်ခဲ့ရပါတယ်။ အဲဒီတုန်းကဘဝ၊ အဲဒီတုန်းကအခြေအနေတွေဟာ ဒီနေ့ဒီအချိန်မှာ စိတ်ကူးနဲ့တောင် ပြန်မတွေးချင်လောက်အောင် ရင်နာကြေကွဲဖွယ်အတိ ပြည့်နှက်နေခဲ့မှာ အမှန်ပါပဲ။

ဒီနေ့အခြေအနေမှာတော့ အားလုံးဟာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲကုန်ခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ပံ့ပိုးမှု၊ တောင်သူလယ်သမားများရဲ့ အသိဉာဏ်ပညာ ပွင့်လင်းမှု၊ စိုက်ပျိုးရေ၊ စိုက်ပျိုးမြေ၊ စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးကိရိယာ စသဖြင့် အဘက်ဘက်က တိုးတက်ဖြစ်ထွန်းလာမှု စတဲ့အခြေခံတွေကြောင့် ဒီနေ့ တောင်သူလယ်သမားတွေရဲ့ ဘဝအခြေဟာ အဘက်ဘက်က မြင့်မားတိုးတက်လာခဲ့ပါပြီ။ နှစ်သီးစား သုံးသီးစားအပြင် သီးထပ်သီးညှပ်တွေပါ စိုက်နိုင်ပြီး လုပ်နိုင်ရင် လုပ်နိုင်သလောက် အကျိုးရှိနေပြီဖြစ်တဲ့အတွက် လယ်သမားအများစုမှာ ငွေပိုငွေလျှံလေးတွေ ပိုင်ဆိုင်လာနိုင်ကြပါပြီ။ တစ်ဖက်ကလည်း လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက် စသဖြင့် လယ်ယာသုံး စက်မှုကိရိယာလေးတွေလည်း ကိုယ်စီနီးပါး ပိုင်ဆိုင်လာနိုင်ကြပါပြီ။ တောင်သူလယ်သမားသားသမီးတွေလည်း ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ကြပြီး ကျေးလက်မှာ ဘွဲ့ရပညာတတ်တွေ မှိုလိုပေါက်တဲ့ခေတ်ကို ရောက်နေပါပြီ။ ကျေးရွာတွေဆိုရင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်း၊ ရေကောင်းရေသန့်ပေါ၊ လျှပ်စစ်မီးတွေလင်း၊ ကျေးရွာစာကြည့်တိုက် ကိုယ်စီဖွင့်၊ သွပ်မိုးဖွေးဖွေးတိုက်အိမ်၊ ပျဉ်ထောင်အိမ်ကိုယ်စီနဲ့ တကယ့်ကို စည်ပင်တဲ့အဆင့်တစ်ခုကို ရောက်နေပါပြီ။ အိမ်တိုင်းမှာလည်း ဆိုင်ကယ်၊ ရုပ်မြင်သံကြားစက်၊ အပေါ်စက်၊ အောက်စက်တွေနဲ့၊ တယ်လီဖုန်းတွေနဲ့ မြင့်မားတိုးတက်တဲ့ လူမှုစီးပွားဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ကြပြီဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေတဲ့ ကျေးလက်ဒေသရှုခင်းဟာ ယနေ့ မြန်မာ့ရှုခင်းကို ကိုယ်စားပြုနိုင်နေပြီဖြစ်ပါတယ်။

ယခုဆိုရင် နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွှတ်တော်အစည်းအဝေးများကို ကျင်းပပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ခရီးဆက်နေပြီဖြစ်ပါတယ်။ အနာဂတ်မှာလည်း နိုင်ငံတော်ရဲ့ အဓိကအင်အားစုဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ဘဝကို မြင့်သထက်မြင့်အောင် မြှင့်တင်နိုင်ဖို့ စီမံဆောင်ရွက်သွားမှာ အသေအချာပါပဲ။ အဓိကအားဖြင့် ''လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိစေရမည်''ဆိုတဲ့ အချက်ကို အခြေခံဖော်ဆောင်မှာဖြစ်တဲ့အပြင် တောင်သူလယ်သမားများရဲ့ လယ်ယာလုပ်ပိုင်ခွင့်နဲ့ အကျိုးခံစားခွင့်ကို ဥပဒေနဲ့အညီ အာမခံသွားမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့ ကောက်ပဲသီးနှံတွေကို သင့်လျော်တဲ့ဈေးနှုန်းနဲ့ သင့်တင့်မျှတတဲ့ အကျိုးအမြတ်ရရှိစေအောင် ဈေးကွက်စီးပွားရေးစနစ်နဲ့ ညီညွတ်တဲ့ စနစ်တစ်ခု ရှိလာအောင် စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေရေးနဲ့ စိုက်ပျိုးရေးစနစ် ခေတ်မီတိုးတက်ရေးကိုလည်း ဘက်စုံအားပေးကူညီသွားမှာ ဖြစ်ပါတယ်။ အလားတူ စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးကောင်းမျိုးသန့် စတဲ့ သွင်းအားစုတွေ ရရှိနိုင်ရေးကိုလည်း ကူညီပံ့ပိုးသွားနိုင်ဖို့ ရည်မှန်းဆောင်ရွက်နေပါတယ်။

တောင်သူလယ်သမားများအနေနဲ့ တိုင်းပြည်အတွက်လိုအပ်တဲ့ အခြေခံသီးနှံနဲ့ အခြားသင့်လျော်ရာသီးနှံများ၊ ဈေးကွက်ဝင်အမယ်သစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်အောင် အားပေးကူညီသွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကစက်မှုလယ်ယာများ ထွန်းကားရေး၊ နှစ်ရှည်ပင်စိုက်ပျိုးမှုများ ကျယ်ပြန့်လာစေရေးအတွက် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးမှုများလည်း ရှိလာမှာဖြစ်ပါတယ်။ ချုပ်ပြီးပြောရရင် ကျေးလက်ဒေသများမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က တိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၇)ရပ်ကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုချိန်မှာ အချို့သော ပါတီအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက ''လယ်လုပ်သူ လယ်ပိုင်ခွင့်'' ဆိုပြီး ကြွေးကြော်လာကြတာ တွေ့နေရပါတယ်။ တကယ်တော့ လယ်လုပ်သူလယ်ပိုင်ခွင့်ဆိုတာ အပေါ်ယံနားထောင်ကောင်းပေမယ့် ရေရှည်မှာ တောင်သူလယ်သမားတွေ အတိဒုက္ခရောက်မယ့်ကိစ္စသာ ဖြစ်ပါတယ်။ အကယ်၍သာ လယ်လုပ်သူကို လယ်ယာမြေပိုင်ဆိုင်ခွင့်ပြုခဲ့ရင် နောင်ကာလကြာလာတဲ့အခါ အဲဒီ လယ်ယာမြေတွေဟာ ငွေကြေးချမ်းသာတဲ့ မြေပိုင်ရှင်၊ လုပ်ငန်းရှင်ကြီးတွေလက်ထဲ တဖြည်းဖြည်းချင်းရောက်သွားပြီး မြေရှင်ကြီးစနစ် ပြန်လည်ပေါ်ပေါက်လာမှာ မုချပါပဲ။ အဲဒီအခါမှာ တကယ်လယ်လုပ်တဲ့ ဆင်းရဲသားတောင်သူလယ်သမားတွေဟာ မြေမဲ့ယာမဲ့ဘဝရောက်သွားပြီး အရင် ကိုလိုနီခေတ်တုန်းကလို ချစ်တီးရဲ့ သူရင်းငှားဘဝနဲ့ အပူလုံးကြွ လူလုံးမလှတဲ့အဖြစ်ကို မလွဲမသွေ ပြန်ရောက်သွားပါလိမ့်မယ်။ ဘိုးဘေးတွေခေတ် ကိုလိုနီဘဝတုန်းက လယ်လုပ်သူလယ်ပိုင်ခွင့်ပေးခဲ့တာကြောင့် နောက်ဆုံးမှာ မြေပိုင်ရှင်အားလုံးဟာ ချစ်တီးတွေချည်းပဲဖြစ်လာပြီး ကျွန်တော်တို့ဘိုးဘေး ကျောမွဲလယ်သမားတွေကတော့ မြေမဲ့ယာမဲ့ သူရင်းငှားဘဝနဲ့ ချစ်တီးတွေ ခြယ်လှယ်သွေးစုပ်သမျှ ကျောကော့အောင် ခါးစည်းခံခဲ့ကြရတဲ့ သမိုင်းသင်ခန်းစာကို မေ့မပစ်သင့်ပါဘူး။ ဒါကြောင့် ''လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်'' မူဝါဒသည်သာ တောင်သူလယ်သမားများရဲ့ ထာဝရအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

ချုပ်ပြီးပြောရမယ်ဆိုရင် တောင်သူလယ်သမားများဟာ နိုင်ငံတော်ရဲ့ ကျေးဇူးရှင်ဖြစ်သလို အဓိက အင်အားစုတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားလာအောင် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားများကိုယ်တိုင်ကလည်း အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလာတဲ့ အခြေအနေကောင်းတွေ၊ အခွင့်အလမ်းကောင်းတွေပေါ်မှာ မိမိတို့ရဲ့ ကာယဉာဏလုပ်အားနဲ့ပေါင်းစပ်ပြီး ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ် စိုက်ပျိုးထုတ်လုပ်ကြခြင်းအားဖြင့် မိမိတို့ရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုကို မြှင့်တင်ဖော်ဆောင်ရင်း နိုင်ငံတော်သစ်တည်ဆောက်ရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် တာဝန်ကျေပွန်စွာ လက်တွဲပါဝင်သင့်ကြပါကြောင်းနှင့် တောင်သူလယ်သမားကြီးများအားလုံး စိုက်ရေးပျိုးတာလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြပါစေကြောင်း ဆန္ဒပြုရင်း ၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတယ်။ ။

အခုချိန်မှာ နိုင်ငံသားအားလုံးစားသုံးဖို့ ဆန်စပါး ဖူလုံလောက်ငရုံသာမက နောင်တိုးတက်လာဦးမယ့် လူဦးရေအတွက်ပါ လုံလောက်နေပြီဖြစ်ပါတယ်။ အလားတူ အခြား အဓိကသီးနှံများဖြစ်တဲ့ အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါနဲ့ ချက်ကြံသီးနှံတွေဟာလည်း ဆိုင်ရာဒေသများအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက် ရှိကြပါတယ်။ ကိန်းဂဏန်းနဲ့ဖော်ပြရရင် တစ်နိုင်ငံလုံး အသားတင်စိုက်ဧက ၃၃ သန်းကျော်ရှိနေပြီး သီးနှံစိုက်စွမ်းအားမှာ ၁၇၀ ကျော် ရာခိုင်နှုန်းအထိ မြင့်မားလျက်ရှိကြောင်း သိရပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသော ၂၀၁၁ ခုနှစ် အိမ်ရာနှင့်အဆောက်အအုံပြပွဲ

သတင်းမှတ်စု - သတင်းထောက်ခင်မောင်သော်၊ ဓာတ်ပုံ - ညီမိုလ်မိုလ်ချော (ကမာရွတ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်ဘက်စုံကဏ္ဍစုံအသီးသီးတွင် ဖော်ဆောင်ပေးလျက်ရှိရာ အိမ်ရာအဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်း အားပေးကူညီလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ နေထိုင်မှုဘဝအတွက် လိုအပ်သော ကုန်ပစ္စည်းများအား ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းနှင့် ရောင်းချဖြန့်ချိခြင်းလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး ဦးတည်ချက်နှင့်အညီခွင့်ပြုပေးလျက်ရှိသည်။ ထိုသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နည်းတစ်လမ်းအားဖြင့် အထောက်အကူပြုနေသည့် အိမ်ရာနှင့်အဆောက်အအုံပြပွဲ-၂၀၁၁ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၃ရက်မှ ၆ရက်အထိ ခင်းကျင်း ပြသမည်ဖြစ်သည်။

ပြပွဲ၌ ပြသထားမည့် တံခါး၊ ကြွေနှင့် ကျောက်ပြားများ။

ရည်ရွယ်ချက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်အဖြစ် အိုင်တီဖွံ့ဖြိုးမှုဆိုင်ရာပြပွဲများ၊ လူသုံးကုန်ပစ္စည်းပြပွဲများကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စဉ်ဆက်မပြတ် ပြသလေ့ရှိသည့်နည်းတူ အိမ်ရာဆောက်လုပ်မှုနှင့် လူသုံးကုန်ပစ္စည်း ပြပွဲများကိုလည်း တိုင်းရင်းသားပြည်သူများအတွက် ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် ပြပွဲအဖြစ် ပြသလေ့ရှိသည်။ ပြပွဲကို လုပ်ငန်းရှင်ကြီးများက မိမိတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံး အထွေထွေပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းများ၊ ကြမ်းခင်းအမျိုးမျိုး၊ အိမ်သုတ်ဆေးအမျိုးမျိုးနှင့် အိမ်အမိုးပြားအမျိုးမျိုး၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ၊ မော်တော်ယာဉ်အသစ်အဆန်းအမျိုးမျိုးတို့ကို ပြသထားမည်ဖြစ်သည်။ ဈေးကွက်အတွင်းနှင့် သုံးစွဲသူပြည်သူများအတွင်း အရှိန်အဟုန်မြင့်စွာဖြင့် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန် ရည်ရွယ်၍ စီစဉ်ပြသမည်ဖြစ်ပြီး ကုန်ပစ္စည်းအရည်အသွေးကို ရောင်းသူ၊ ဝယ်သူ တိုက်ရိုက်ထိတွေ့ပေးခြင်းဟုလည်း ဆိုနိုင်သည်။

ခင်းကျင်းပြသ

ထို့အပြင် အရည်အသွေး မြင့်မားကာ စွမ်းအင်ချွေတာနိုင်သည့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး လေးနှစ်အာမခံနှင့် ဈေးနှုန်း သက်သာသော အေယူခံနိုင်ပြီး၊ Safeguard နှင့် မီးအားမြှင့်စက် အသုံးပြုရန် မလိုအပ်သော ဂရီးအဲယားကွန်း အမျိုးမျိုးတို့ကိုလည်း ၅ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်းအထိ အထူးဈေးနှုန်းများဖြင့် လက်တွေ့စမ်းသပ် သရုပ်ပြခြင်းကျင်း ရောင်းချမည် ဖြစ်သည်။ ၄င်းအပြင် အီတလီနည်းပညာဖြင့် ဗီယက်နမ်နိုင်ငံတွင် ထုတ်လုပ်သော အရည်အသွေး မြင့်မားသည့် ဗီဂယ်လာရာ အမျိုးအစား ကြွေနှင့် ကျောက်ပြားများ၊ ရေချိုးခန်းသုံး ပစ္စည်းများ၊ စတီးလ်တံခါးများ၊ အိမ်တွင်းအလှဆင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အထူး ငွေပေးချေမှုစနစ်၊ ပစ္စည်းအာမခံနှင့်အတူ ဝယ်ယူသော ပစ္စည်းများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသော ဝန်ဆောင်မှုများဖြင့် ခင်းကျင်း ပြသရောင်းချမည်ဖြစ်သည်။

ကံထူးရှင်ရွေးချယ်

ပြပွဲတွင် ဖျော်ဖြေရေး အစီအစဉ်များကိုပါ ထည့်သွင်းတင်ဆက်မည့်အပြင် လာရောက်ကြည့်ရှုလေ့လာသူများ ပြပွဲကာလအတွင်း လေ့လာနေစဉ် Laptop တစ်လုံးကို ညနေပိုင်းတွင် ကံထူးရှင် ချက်ချင်း ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ရွေးချယ်ဝယ်ယူနိုင်

ပြပွဲကို တပ်မတော်ခန်းမ၌ မတ်၃ရက်မှ ၆ရက် အထိကျင်းပပြီး နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ဖွင့်လှစ်ထားမည်ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၏ မြင်ကွင်းအဖုံဖုံကိုလည်းတွေ့မြင်ရ၊ ဗဟုသုတလည်း ရှာမှီးနိုင်၊ စိတ်ကြိုက်တွေ့လျှင်ပင် နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်သည့် အဆိုပါပြပွဲသို့သွားရောက်လေ့လာသင့်ပါကြောင်းသတင်းကောင်းပါးရေးသားလိုက်ရပါသည်။ ။(မြန်မာ့အလင်း)

ပြပွဲ၌ ပြသထားမည့် အီလက်ထရွန်နစ်ပစ္စည်းနှင့် လေအေးပေးစက်များ။

ပြည်သူသို့ တိုက်ရိုက် ထိတွေ့ပေးရန်၊ ထုတ်ကုန်ပစ္စည်း အရည်အသွေးကို လျင်မြန်စွာ သိရှိနိုင်ပြီး ဆန်းသစ်သော ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း တိုးတက်ထုတ်လုပ် ဖြန့်ဖြူးနိုင်စေရန်၊ သုံးစွဲသူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာနှင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ခင်းကျင်း ပြသခြင်းဖြစ်သည်။

တိုက်ရိုက်ထိတွေ့

ယင်းပြပွဲတွင် အိမ်ရာအဆောက်အအုံ အရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊လေအေးပေးစက်အမျိုးမျိုး၊ခေတ်မီပရိဘောဂ အသစ်အဆန်းအမျိုးမျိုး၊ အိက်စ်ကဲ့သို့ လေအေးပေးစက်အမျိုးမျိုးကိုလည်း ပြသရောင်းချမည်ဖြစ်သည်။

အလားတူ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သော မီးအားအတက်အကျ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံ အသီးသီးတွင် ဖော်ဆောင်ပေးလျက်ရှိရာ အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်း အားပေးကူညီလျက်ရှိသည်။

တောင်သာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ စက်မှုမဏ္ဍာရုံ၌ ကျင်းပရာ တောင်သာမြို့နယ်အသင်းနာယက အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီနှင့် မိသားစုများ၊ အလှူရှင်များ၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြပြီး တောင်သာမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

မှာကြား

ယင်းနောက် အသင်းနာယက ဝန်ကြီးဦးအောင်သောင်း(**အပေါ်ပုံ**)က တောင်သာဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အသင်းရေရှည် တည်တံ့ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် လိုအပ်ပုံများကို မှာကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးလူမော်က အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြား အတည်ပြုချက်ရယူပြီး အလှူရှင်များက အသင်းရန်ပုံငွေ ကျပ်သိန်း၆၀ကို အသင်းဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် မောင်ညဏ်တင့်လွင်နှင့် မောင်ကောင်းကင်ကိုကိုတို့အား လည်းကောင်း၊ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၁၂ ဦးတို့အား လည်းကောင်း အသင်းနာယက ဝန်ကြီး ဦးအောင်သောင်း၊ဇနီး ဒေါ်ခင်ခင်ရီနှင့်မိသားစုများ၊အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ဆုများကို ပေးအပ်ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌက အသင်း၏ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဒေါ်ခင်နွဲ့အား ရည်စူး၍ မြကန်သာ ၂ လမ်း အေရှားဗီလာ (၄)ရပ်ကွက် လှိုင်မြို့နယ်နေ ဦးကျော်စိုးနှင့် သားသမီး မြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် ဆောက်လုပ်လျက်ရှိသော သံဃာ့ဆေးကုသဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သတင်းစဉ်)

မဂ္ဂဇင်းစာမူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၂၈

မူဆယ်မြို့နယ် မဂ္ဂဇင်းတွင် ပါဝင်ရေးသားသူ စာမူရှင်များအား ဂုဏ်ပြုပွဲကို မူဆယ်မြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၉ရက်က ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှတ်(၅)အထူးထုတ် မူဆယ်မြို့နယ် မဂ္ဂဇင်းနာယက ခရိုင်ဥက္ကဋ္ဌ ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မူဆယ်မြို့နယ်မဂ္ဂဇင်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဆန်းဝင်း (ဆန်းဝင်း-မူဆယ် ပြန်/ဆက်)က မဂ္ဂဇင်း ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင် အဆင့် ဌာနဆိုင်ရာများက မဂ္ဂဇင်းတွင် ပါဝင်ရေးသားသူ စာမူရှင်များအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

မူဆယ်မြို့နယ်မဂ္ဂဇင်း အမှတ်(၅)တွင် ပါဝင်ရေးသားကြသည့် စာမူရှင် ၁၃၂ ဦးအနက် မူဆယ်မြို့နယ်မှ စာမူရှင် ၁၁၃ ဦးအားဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆုချီးမြှင့်

ဒီဇင်ဘာ ၂၄ ရက်က လူမှုဝန်ထမ်းဦးစီးဌာန တောင်ဥက္ကလာပ မူလတန်းကြိုကျောင်း ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူပြာက ဆုရရှင်သွေးငယ် တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၇၀)

1-3 (10).pmd 1 3/1/2011, 2:21 AM

အင်းစိန်မြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ ရှစ်ဦးဒဏ်ရာရရှိ မသင်္ကာသူတစ်ဦး၏ တိုက်ခန်းမှ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာ တိုက်(၁) နှင့် (၂) ကြား အိရွှေစင်စတိုးဆိုင်ဘေး၌ ဖေဖော်ဝါရီ ၂၇ ရက် ည ၇ နာရီ ၁၀ မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

တာဝန်ရှိသူများက ဇော်မင်းသန်း၏ နေအိမ်ခန်းအတွင်း ရှာဖွေနေစဉ်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ပေါက်ကွဲမှုတွင် မသင်္ကာသူ ဇော်မင်းသန်း (၂၆)နှစ် (ဘ)ဦးဟန်ဦးအား ဝဲခြေထောက်ကျိုးကြေမှု၊ ယာခြေသလုံးကွက်သားကြေမှု၊ ဝဲလက်ချောင်းများကြေမှုဒဏ်ရာများနှင့် တွေ့ရှိရသဖြင့် တာဝန်ရှိသူများက အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါဒဏ်ရာရရှိသူနေထိုင်သည့် အောင်ဇေယျအိမ်ရာ တိုက်(၄) အခန်း (၅၀၂) တိုက်ခန်းအား ဝင်ရောက်ရှာဖွေရာ ဖော့ဘူးနှင့်ထည့်လျက် အသင့်တပ်ဆင်ထားရှိသော ဒီတိုနေတာတစ်ခု၊ ဓာတ်ခဲလေးလုံး၊ နာရီတစ်လုံး၊ စက္ကူအဝါပတ်လျက် အလျားနှစ်လက်မခွဲ၊ အနံတစ်လက်မခွဲခန့်ရှိ TNT ယမ်းတစ်ထုပ်တို့ပါရှိသည့် လက်လုပ်ဗုံးတစ်လုံးနှင့် အလျားငါးလက်မ၊ အနံ သုံးလက်မ၊ အမြင့် သုံးလက်မခန့်ရှိ စက္ကူဘူးအတွင်း ဒီတိုနေတာခြောက်ခု၊ ဝိုင်ယာအဟောင်းနှစ်ခွေ၊ ဓာတ်ခဲလေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူရှစ်ဦးမှာ-

(က) ဇော်မင်းသန်း(၂၆)နှစ် (ဘ)ဦးဟန်ဦး(တိုက်-၄၊ အခန်း-၅၀၂၊ အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နယ်)ဝဲခြေထောက်ကျိုးကြေမှုဒဏ်ရာ၊ ယာခြေသလုံးကြွက်သားကြေမှုဒဏ်ရာ၊ ဝဲလက်ချောင်းများကြေမှုဒဏ်ရာ(စိုးရိမ်ရ) (ပေါက်ကွဲမှုတွင် မသင်္ကာသူ)

(ခ) ထွန်းထွန်း(၂၁)နှစ် (ဘ)ဦးစောရွှေ(မ/၁၉၉၊ ပတ္တမြားလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်)နောက်စေ့နှင့်ပေါင်တို့တွင် ဗုံးစမှန်ဒဏ်ရာ(မစိုးရိမ်ရ)

(ဂ) မသင်းသင်း(၂၅)နှစ် (ဘ)ဦးလှိုင်ဝင်း(ကွမ်းယာရောင်း၊ ပတ္တမြားလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်)နားမကြား၊ ဝဲလက်သန်း ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)

(ဃ) မငြိမ်းငြိမ်းထွန်း(၃)နှစ် (ဘ)ဦးမင်းမင်းထွန်း(မ/၉၆၊ ခေမာလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ဦးခေါင်းပေါက်ပြဲ၊ ညာခြေသလုံးထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)

(င) ဇော်မင်းထိုက်(၁၃)နှစ် (ဘ)ဦးမင်းမင်းထွန်း(မ/၉၆၊ ခေမာလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ဦးခေါင်းနာကျင်၊ ဝမ်းဗိုက်ပေါက်ပြဲ၊ ခြေသလုံးထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)

(စ) တင့်လွင်ဦး(၂၇)နှစ် (ဘ)ဦးခင်ညွှန့်(မ/၉၂၊ ဓနသိဒ္ဓိလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်) ဝဲချိုစောင်းပေါက်ပြဲ၊ ဝဲပေါင်ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)

(ဆ) ကေသီမျိုးကျော်(၂၂)နှစ် (ဘ)ဦးကျော်မြင့်(တိုက်-၁၃၊ အခန်း-၀၀၃၊ မြေညီထပ်၊ အောင်ဇေယျအိမ်ရာ၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်)ယာပေါင်ပေါက်ပြဲ၊ ယာမျက်ခုံးပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ)

(ဇ) မဝေပပဆွေ(၃၁)နှစ် (ဘ)ဦးမြင့်ဆွေ(မ/၉၂၊ ဓနသိဒ္ဓိလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်)ဝဲခြေသလုံးပေါက်ပြဲ၊ နားအူဒဏ်ရာ(မစိုးရိမ်ရ)တို့ ဖြစ်ကြသည်။

ဒဏ်ရာရရှိသူများအား အင်းစိန်အထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာအေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေရန်၊ လူထုတုန်လှုပ်ချောက်ချားစေရန် ရည်ရွယ်၍ ဖောက်ခွဲမှုများပြုလုပ်ရန် အမြဲမပြတ်ကြံစည်ကြိုးစားလျက်ရှိရာ အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်ရာ တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်လုပ်ဗုံးတစ်လုံးအား အသက်မဲ့ပြုလုပ်ပြီးနောက် တွေ့ရစဉ်။

တောင်သူလယ်သမားနေ့တွင် လော်ကားဥယျာဉ် အချိန်တိုးဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါ ဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်ရေ၊ သုံးရေ ညစ်ညမ်းမှုများကြောင့် ပိုမိုဖြစ်ပွားလေ့ရှိသည်။ ဤရောဂါသည် ယင်ကောင်မှ တစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများမှလည်းကောင်း၊ မသန့်ရှင်းသောလက်မှလည်းကောင်း ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အစားအစာနှင့် ပတ်သက်၍

၁။ ယင်နားစာနှင့် အမှည့်လွန်သော အသီးများကိုမစားပါနှင့်။

၂။ သန့်သန့်ရှင်းရှင်း ပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစားအစာများနှင့် အခြားအစားအစာများကို မစားပါနှင့်။

၃။ လတ်ဆတ်သော အသား၊ ငါးများနှင့် အသီးအရွက်များကိုသာ ဝယ်ယူချက်ပြုတ်စားသုံးပါ။

၄။ အသား၊ ငါးနှင့်အသီးအရွက်များကို ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများကို သီးသန့်ထားပြီး သန့်ရှင်းစွာ အသုံးပြုပါ။

၅။ အစားအစာများ၊ အသားငါးများနှင့် အသီးအရွက်များကို ကျက်အောင်ချက်ပြီး စားသုံးပါ။

၆။ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှ ကာကွယ်ရန် အုပ်ဆောင်းဖြင့်အုပ်ထားပါ။

(ခ) ရေနှင့်ပတ်သက်၍

၁။ ရေကို ရေသန့်ဆေးရည်ခတ်၍ဖြစ်စေ၊ ကျိုချက်ပြီးမှဖြစ်စေ သောက်သုံးပါ။

၂။ သန့်ရှင်းသောရေဖြင့်သာ အသား ငါးများနှင့် ဟင်းသီးဟင်းရွက်များကို ဆေးကြောပါ။ ဖြစ်နိုင်ပါက ရေသန့်ဆေးရည် (ကလိုရင်းဆေးရည်) ခတ်ထည့်ထားသော ရေဖြင့် ဆေးကြောပါ။

၃။ ရေထွက်ပင်ရင်းများ (ရေတွင်း၊ ရေကန်၊ တုံကင်၊ အဝီစိတွင်းများ)အား ပြင်ပရေများစိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲနွားတိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမရှိစေရန် အကာအကွယ်ပြုလုပ်ပါ။

(ဂ) လက်သန့်ရှင်းရေးနှင့်ပတ်သက်၍

၁။ အစာမစားမီ၊ အိုးခွက်ပန်းကန်များမကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။

၂။ လက်ဆေးရာတွင် သန့်ရှင်းသောရေဖြင့် လောင်းဆေးပါ။

၃။ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးပါ။

(ဃ) အိုး၊ ခွက်၊ ပန်းကန်များနှင့်ပတ်သက်၍

၁။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများကို သန့်ရှင်းသောရေဖြင့် လောင်းဆေးပြီး စင်ပေါ်တွင်ထားပါ။

၂။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများအပေါ်သို့ ပိုးဟပ်၊ အိမ်မြှောင်၊ ပုရွက်ဆိတ်များနှင့် ကြွက်များ ဖြတ်ကျော်၍ ညစ်ညမ်းနိုင်သဖြင့် အစားအစာများမထည့်မီ ပြန်၍ဆေးကြောပြီးမှ အသုံးပြုပါ။

(င) အိမ်သာနှင့်ပတ်သက်၍

၁။ ယင်လုံအိမ်သာကိုသာ တစ်ရွာလုံး၊ တစ်မြို့လုံး ဆောက်လုပ်သုံးစွဲပါ။

၂။ အိမ်သာများကို သန့်ရှင်းသပ်ရပ်စွာ အမြဲသုံးစွဲပါ။

၃။ အိမ်သာအထွက် လက်ဆေးရန် ရေနှင့် ဆပ်ပြာများ အဆင်သင့်ထားရှိပါ။

၄။ အိမ်သာကို ရေတွင်းရေကန်များနှင့် ပေ ၅၀ အကွာ နိမ့်သည့် အရပ်တွင် ဆောက်လုပ်ပါ။

(စ) ဝမ်းပျက်ဝမ်းလျှောရောဂါတစ်ခုခုဖြစ်လျှင်

၁။ ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။ ထိရောက်စွာ ကုသမှုခံယူပါ။

၂။ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခုခုဖြစ်လျှင် ဓာတ်ဆားဖျော်ရည်သောက်ပါ။ မရနိုင်ပါက ထမင်းရည်၊ အုန်းရည်၊ သံပရာရည် စသည်တို့ကို များများသောက်ပါ။

၃။ လူနာ၏ အညစ်အကြေးပေကျံနေသော အဝတ်များကို အခြားအဝတ်များနှင့် မရောနှောဘဲ သီးသန့်လျှော်ဖွပ်ပါ။

၄။ လူနာပြုစုသူသည် မိမိလက်ကို စနစ်တကျ ဆပ်ပြာသုံး၍ ရေလောင်းဆေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

1-3 (11).pmd 1 3/1/2011, 2:21 AM

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ပေါင်သန်း ၁၀၀ ပေးလျှင် စီရိုနယ်ဒိုကို ရောင်းမည်



မက်ဒရစ် ဖေဖော်ဝါရီ ၂၈

ရီးရဲမက်ဒရစ် တောင်ပံကစားသမား စီရိုနယ်ဒိုက မိမိသည် ဥရောပထိပ်တန်းကလပ်အသင်း တစ်သင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဖေဖော်ဝါရီ ၂၈ ရက်၌ ထုတ်ဖော်ပြောကြားသည်။ **(ယာပုံ)**

စီရိုနယ်ဒိုသည် မန်ယူမှ ရီးရဲမက်ဒရစ်ကလပ်သို့ ပြောင်းရွှေ့ကစားနေသူဖြစ်ပြီး အခြားထိပ်တန်းကလပ်များကလည်း ခေါ်ယူရန်စိတ်ဝင်စားနေသည့် ကစားသမားတစ်ဦးဖြစ်သည်။ အီတလီစီးရီးအေကလပ် အေစီမီလန်ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။

စီရိုနယ်ဒိုသည် စပိန်လာလီဂါ၌ ဂိုးအများဆုံးသွင်းယူနိုင်ရေး ကြိုးစားနေသူဖြစ်ပြီး ငယ်ရွယ်စဉ်အချိန်၌ ဥရောပထိပ်တန်းကလပ်များတွင် လှည့်လည်ကစားကာ အတွေ့အကြုံကောင်းများကို ရှာဖွေလိုသူဖြစ်သည်။ စီရိုနယ်ဒိုသည် ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်ပြီး မန်ယူမှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ရောက်ရှိလာရာ ရီးရဲမက်ဒရစ်ကလပ်က ပေါင်သန်း ၁၀၀ ရရှိလျှင် ရောင်းရန်စဉ်းစားမည်ဟု သတင်းထုတ်ပြန်ထားသည်။ **(အင်တာနက်)**

တိုက်စစ်မှူး မက်ဆီအား လီဗာပူးခေါ်ယူရန် စိတ်ဝင်စား

လန်ဒန် ဖေဖော်ဝါရီ ၂၈

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ**(အောက်ပုံ)**အား ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းကခေါ်ယူရန် ဆက်သွယ်နေကြောင်း လီဗာပူးကလပ်မှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၈ ရက်၌ ပြောကြားသည်။

မက်ဆီကဲ့သို့ တိုက်စစ်မှူးတစ်ဦး လီဗာပူးအသင်းတွင်ရှိနေရန် လိုအပ်နေကြောင်း၊ လီဗာပူးတိုက်စစ်၏ စွမ်းအားကိုမြှင့်တင်ရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

လီဗာပူးတိုက်စစ်မှူး တောရက်စ်ကို ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ဖြင့် ရောင်းချခဲ့သည့်အတွက် လီဗာပူးကလပ် တာဝန်ရှိသူများက မက်ဆီကို ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

ကြိုးစားလျက်ရှိ

လီဗာပူးအသင်းသည် လက်ရှိအချိန်၌ တန်းစီဇယားတွင် ဆဋ္ဌမအဆင့်၌ ရပ်တည်နေပြီး လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်သို့ ဝင်ရောက်ကစားခွင့်ရရှိရန် ကြိုးစားလျက်ရှိသည်။

ယုံကြည်

မက်ဆီကို ခေါ်ယူနိုင်ပါက လီဗာပူးအသင်း၏ရလဒ်များ သိသာစွာ ကောင်းမွန်လာမည်ဟု ယုံကြည်နေကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – ရေးသားသည်

တိုကျိုမာရသွန်ပြိုင်ပွဲ၌ အီသီယိုးပီးယားမှ ဟီလူမီကွန်နန်ဗိုလ်စွဲ

ဂျပန်မာရသွန်မောင်မယ် ဆုအသီးသီး ဆွတ်ခူးရရှိခဲ့

တိုကျို ဖေဖော်ဝါရီ ၂၈

တိုကျိုမာရသွန်ပြိုင်ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်က ဆက်လက်ကျင်းပရာ အမျိုးသား မာရသွန်ပြိုင်ပွဲတွင် အီသီယိုးပီးယားမှ ဟီလူမီကွန်နန်က ၂ နာရီ ၇ မိနစ် ၃၄ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။

ဟီလူမီကွန်နန်သည် ၂၀၀၈ ခုနှစ်က ဗစ်တာရော့လင်း စံချိန်တင်ခဲ့သည့် ၂ နာရီ ၇ မိနစ် ၂၃ စက္ကန့်ကိုမီရန် ၁၁ စက္ကန့် လိုနေသေးဖြစ်သော်လည်း ပထမဆုရရှိခဲ့ခြင်း ဖြစ်သည်။ ဒုတိယ ပန်းဝင်လာသူမှာ ကင်ညာအပြေးသမား ပေါလ်ဘိုင်ဝေါ့**(ယာပုံ)**ဖြစ်ပြီး ၂ နာရီ ၈ မိနစ် ၁၄ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သူဖြစ်သည်။



ဂျပန်မာရသွန်မောင်မယ်များ ယခုပြိုင်ပွဲ၌ ဆုအသီးသီး ဆွတ်ခူးရရှိခဲ့သည်မှာ ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။

ပထမရရှိ

တတိယနေရာမှ ပန်းဝင်လာသူမှာ ဂျပန်မာရသွန် အပြေးသမား ယူကီကာဝါယူချီဖြစ်ပြီး ၂ နာရီ ၈ မိနစ် ၃၆ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ရုရှားမာရသွန်အပြေးမယ် တာတီရာနာဘာရာဆိုဗာက ၂ နာရီ ၂၇ မိနစ် ၂၈ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ဂျပန်နိုင်ငံမှ မာရသွန်အပြေးမယ် နိရီကိုဟီဂူချီက ၂ နာရီ ၂၈ မိနစ် ၄၈ စက္ကန့်ဖြင့် ဒုတိယနေရာရရှိခဲ့သည်။



ရွှေတံဆိပ်ဆုရှင်

တိုကျိုမာရသွန်ပြိုင်ပွဲ၌ လက်ရှိကမ္ဘာ့စံချိန်တင် အီသီယိုးပီးယားမှ ဟေလီဂီဘာစီလက်စ်စီမှာ ပြိုင်ပွဲဝင်ရန်လေ့ကျင့်စဉ် ဒူးဒဏ်ရာရရှိခဲ့သဖြင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရသည်။ ဟေလီဂီဘာစီလက်စ်စီ**(ဝဲပုံ)**မှာ ၂၀၀၈ ခုနှစ် အိုလံပစ်ရွှေတံဆိပ်ဆုရှင်လည်း ဖြစ်သည်။ ငါးကြိမ်မြောက် တိုကျိုမာရသွန်ပြိုင်ပွဲသို့ နိုင်ငံတကာမှ မာရသွန်ပြိုင်ပွဲဝင် အားကစားသမား ၃၆၀၀၀ ကျော် စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ခဲ့ကြသည်။ **(အင်တာနက်)**

ယခုနှစ်ကုန်၌ ဖာဂူဆန်အနားယူမည်

လန်ဒန် ဖေဖော်ဝါရီ ၂၈

မန်ယူအသင်း၏ သက်တမ်းရှည်နည်းပြကြီး ဖာဂူဆန်**(ယာပုံ)**က ယခုနှစ်ဘောလုံးရာသီကုန်၌ မန်ယူအသင်း နည်းပြတာဝန်မှ အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၆၉နှစ်အရွယ်ရှိ ဖာဂူဆန်သည် ဝီဂန်အသင်းအား လေးဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်အပြီး သတင်းထောက်များနှင့်တွေ့ဆုံရာတွင် အနားယူမည့်အကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိသည် အသက်အရွယ်အရ‌ရော၊ ကျန်းမာရေးအတွက်ပါစဉ်းစားပြီး အနားယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း၊ အခြားမည်သည့်အချက်မျှ မရှိကြောင်း၊ မိမိသည်နည်းပြအဖြစ်မှ အနားယူသင့်သည့်အရွယ်ရောက်ရှိနေပြီ ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ ဖာဂူဆန်သည် မန်ယူအသင်းအား နှစ်ပေါင်း ၂၀ခန့် ကာလအတွင်း နည်းပြအဖြစ် ကိုင်တွယ်ခဲ့ရာတွင် ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

လာလီဂါဖလားရယူရေးခက်ခဲပြီဟု နည်းပြမော်ရင်ဟိုပြောကြား

မက်ဒရစ် ဖေဖော်ဝါရီ ၂၈

ရီးရဲမက်ဒရစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ လာလီဂါဖလားကို ဆွတ်ခူးရရှိရန် အခက်အခဲများနှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း နည်းပြမော်ရင်ဟို **(ဝဲပုံ)**က ထုတ်ဖော်ပြောကြားလိုက်သည်။

ရင်ဆိုင်နေ

ရီးရဲမက်ဒရစ်သည် ပြီးခဲ့သည့် လာလီဂါပွဲစဉ်တွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့၍ ထိပ်ဆုံးမှဘာစီလိုနာအသင်း နောက်တွင် ခုနစ်မှတ်အကွာဖြင့် ရပ်တည်လျက်ရှိသည်။ ယခုအခါ ချန်ပီယံလိဂ် ပွဲစဉ်များကိုလည်း အကြိတ်အနယ် နွှဲရလျက်ရှိရာ နည်းပြမော်ရင်ဟိုအတွက် ဖိအားများနှင့် ရင်ဆိုင်နေရသည်။

မိမိတို့အသင်းသည် လာလီဂါဖလားကို လက်လွှတ်ဆုံးရှုံးခဲ့ပြီဟူသော စိတ်ဓာတ်မျိုးမရှိကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ယခင်ကထက် နှစ်ဆကြိုးစားရတော့မည် ဖြစ်ကြောင်း၊ ပွဲတိုင်းအနိုင်ရရှိရေးအတွက် အားထည့်ရတော့မည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ယခုနှစ်၌ လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားများကို ရယူပေးမည်ဟု ရီးရဲမက်ဒရစ် ပရိသတ်များအား ပြောကြားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

➢ မောင်ချစ်ကြည် - စုစည်းသည် ➣

တိုက်စစ်မှူးတီဗက်ဇ် ရီးရဲခေါ်မည်

မက်ဒရစ် ဖေဖော်ဝါရီ ၂၈

မန်ယူကစားသမားဟောင်းနှင့် မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်အား လာမည့်ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် ကြိုးစားသွားမည်ဟု ရီးရဲမက်ဒရစ်ကလပ် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၈ ရက်၌ ထုတ်ဖော်ပြောကြားသည်။

တီဗက်ဇ်သည် ၂၀၁၄ ခုနှစ်အထိ မန်စီးတီးကလပ်နှင့် စာချုပ်ချုပ်ဆိုထားသော်လည်း တီဗက်ဇ်အနေဖြင့် အသင်းမှထွက်ခွာလိုသော ဆန္ဒများရှိနေဆဲဖြစ်ကြောင်း တီဗက်ဇ်၏ အေးဂျင့်ဖြစ်သူက ပြောကြားသည်။ တီဗက်ဇ်အားခေါ်ယူလိုကြောင်း အကြောင်းကြားစာကို ရီးရဲမက်ဒရစ်ကလပ်က မန်စီးတီးအသင်းသို့ တရားဝင်အကြောင်းကြားစာ ပေးပို့ထားသည်ဟု မန်စီးတီးနည်းပြ မန်စီနီက ထုတ်ဖော်ပြောကြားသည်။

တီဗက်ဇ်ကမူ မိမိသည် ဥရောပအသင်းများတွင် နောက်ထပ်သုံးနှစ်အထိ ကစားပြီးနောက်ပိုင်း မိခင်အာဂျင်တီးနားနိုင်ငံသို့ပြန်ကာ ကလပ်အသင်းတစ်သင်းတွင် ကစားရင်း ဘောလုံးသမားဘဝမှ အနားယူလိုကြောင်း ပြောကြားသည်။ ရီးရဲမက်ဒရစ်အသင်းကမူ တီဗက်ဇ်အတွက် အသင်းပြောင်းရွှေ့ကြေးကို ထုတ်ဖော်ပြောကြားရန် တောင်းဆိုထားသည်။ **(အင်တာနက်)**

မန်စီးတီး တိုက် စစ် မှူး တီဗက်ဇ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက် (၁/၂၀၁၁)

နေပြည်တော်၊ ၁၃၇၂ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက် လုပ်ကွက်များအနက်မှ ၂၀၁၁ခုနှစ် ဧပြီလနှင့် မေလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် မိုးကုတ်ရတနာနယ်မြေ သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ နိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီအသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ လုပ်ကွက်များအဆိုပြု လျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးအထောက်အထားများ ခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများ ထုတ်ယူခြင်း၊ အဆိုပြုလွှာ တင်သွင်းလိုသူများသည် ၂၀၁၁ခုနှစ် မတ် ၁ရက်မှစ၍ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင် ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင် လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ပိတ်ပြီး ၂၀၁၁ခုနှစ် မတ်လ ၁ရက်မှ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ အာမခံစပေါ်ငွေ(Deposit) ပေးသွင်းခြင်း၊ ဒဏ်ကြေးငွေသတ်မှတ်ခြင်း၊ လုပ်ကွက်လျှောက်ထားခွင့်ပိတ်ပင်ခြင်းများကို ယခင်ကြေညာချက်များအတိုင်း သတ်မှတ်ထားရှိပါသည်။

၅။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး၊ လှိုင်ဆောင်ထောက်တွင်အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။





တီးတိန်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

တီးတိန်မြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂-၃-၂၀၁၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် မြေနီကုန်း၊ ဓမ္မာရုံလမ်း၊ FBTS (Faith Bible Theological Seminary) ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ တီးတိန်မြို့နယ်အသင်း။



အမည်ပြောင်း

ဦးမောင်သန်းရွှေ၏ သားနှင့် သမီးများဖြစ်ကြသော အထက(၁) ဇင်ချောင်း၊ နဝမတန်း (A) မှ မမေဖြိုးမွန်အား ချိုဇင်သွယ်၊ ဆဋ္ဌမတန်း (A) မှ မောင်အောင်ဇင်ဖြိုးအား အောင်မင်းဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မချိုဇင်သွယ်၊ မောင်အောင်မင်းဖြိုး။**

သင့်သွေးဖြင့် အသက်ကယ်ပါ



တီးတိန်၌ သျှမ်းရှင်း စာကြည့်တိုက်ဖွင့်လှစ်

တီးတိန် ဖေဖော်ဝါရီ ၂၈

ချင်းပြည်နယ် တီးတိန်မြို့နယ် လိုင်တွီးကျေးရွာတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောက်လုပ်သော သျှမ်းရှင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစည်သူအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်နှင့် လိုင်တွီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းဆွင်းပြောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လိုင်တွီးလူငယ်အဖွဲ့မှ ငွေကျပ် ၁၅၀၀၀၀တန်ဖိုးရှိ ဗီရိုတစ်လုံး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ စာအုပ်၊ စာစောင် ၁၅၀ တို့ကို လှူဒါန်းကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝဘေးအန္တရာယ်လျှော့ချရေးအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေ သုံးသပ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးစေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (Myanmar Engineering Society-MES) နှင့် Myanmar Credent Technology တို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် လျှော့ချရေးအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်း (GIS and Remote Sensing Applications for Disaster Risks Reduction) သင်တန်းကို ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါသင်တန်းကို မတ် ၁၂၊ ၁၃၊ ၁၉၊ ၂၀၊ ၂၆ နှင့် ၂၇ရက် (စနေ၊ တနင်္ဂနွေ) နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ရက်သတ္တသုံးပတ် (သင်တန်းကာလခြောက်ရက်) ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းတွင် သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေသုံးသပ်ချက်၊ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် ဖြစ်ပေါ်နိုင်သော ပျက်စီးဆုံးရှုံးမှုအမျိုးမျိုး၊ ကြိုတင်ပြင်ဆင်ကာကွယ်မှု၊ စောင့်ကြည့်လေ့လာမှု၊ စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုနည်းပါးစေရန်အတွက် အချိန်တိုအတွင်း စီမံချက်များရေးဆွဲခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီနည်းပညာများဖြစ်သည့် ပထဝီဝင်သတင်းအချက်အလက်စနစ် သို့မဟုတ် သတင်းအချက်အလက်မြေပုံစနစ် (GIS Geographic Information System) နှင့် ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံ အသုံးချခြင်း (Remote Sensing) နည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိသော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း အသင်းဝင်များနှင့် ကျောင်းသားများအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

အစိုးရဝန်ကြီးဌာနများ၊ တက္ကသိုလ်ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် GIS သင်တန်းများကို သီးသန့် လာရောက်သင်ကြားပေးစေလိုပါကလည်း ဆက်သွယ်နိုင်သည်။

အသေးစိတ် သိရှိလိုပါက Myanmar Credent Technology အဆောင် (၁) အခန်း(၇) မြန်မာအင်ဂျင်နီယာ တက်ခ် ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ သင်တန်းသားဦးရေ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများသည် မတ် ၁၁ ရက် နောက်ဆုံးထားပြီး မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရွှေကျင်မြို့နယ်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျင်တီက လေးဘာသာ ဂုဏ်ထူးရှင် မောင်အောင်စည်ဟိန်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၉)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချီလိုက်ရာ ဂျာနယ်တွင် ရန်ကုန်မြို့ (၂၁) မြို့နယ်၌ ရှေးဟောင်းလက်ရာ အဆောက်အအုံ စုစုပေါင်း ၁၈၉ လုံးရှိကြောင်း သိရသည်။ ကျောက်တံတားမြို့နယ် အများဆုံး၊ ပန်းဘဲတန်းမြို့နယ် ဒုတိယအများဆုံး၊ ကမာရွတ်မြို့နယ် တတိယအများဆုံး မျက်နှာဖုံးအထူးသတင်းဆောင်းပါး၊ ရန်ကုန်လူထုအတွက် နေ့စဉ် ရေဂါလန် သန်း ၂၀ ဖြည့်ဆည်းပေးနိုင်မည့် အောင်တံခွန်စီမံကိန်း ပြီးစီးပြီဖြစ်၍ ဖွင့်လှစ်တော့မည်၊ ရန်ကုန်-စီရမ်ရီခရီးစဉ်သစ်မှ ပြန်လည်ရရှိလာသော ဆိုက်ရောက်ဗီဇာကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်၊ ထားဝယ်ရေနက်ဆိပ်ကမ်း လမ်းအကြောင်း ဖောက်လုပ်မှုအရှိန်အဟုန်မြင့်၊ မီတာ ၂၂၀ရှိ လမ်းမကြီး ထားဝယ်မြို့တွင်းမှဖြတ်မည်၊ ပြည်တွင်း GSM ဖုန်းများ နိုင်ငံခြား သယ်ဆောင်အသုံးပြုနိုင်ရန် ခေါ်ဆိုခနှုန်းထားများ ညှိနှိုင်းနေ စသည့် မျက်နှာဖုံးသတင်းများ၊ ပြည်စိုး၊ မော်ကျွန်းစိုးမြင့်၊ ဦးအောင်ကျော်ကျော် (ကျန်းမာရေးပညာ)တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းသို့ ဂျပန်နှင့်ထိုင်း လုပ်ငန်းရှင်ကြီးများ အလုံးအရင်း ဝင်ရောက်လာဖွယ်ရှိ၊ သဘာဝဘေးစီမံကိန်းခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို မြန်မာအပါအဝင် အာဆီယံနိုင်ငံများ၌ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်မည်၊ ဆေးနှင့် ဆေးဝါးပစ္စည်း တင်သွင်းမှုကဏ္ဍ၌ မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်၊ တောင်သမန်အင်းနှင့် ပတ္တမြားမြေ မိုးကုတ်ဒေသခရီးစဉ် ဖော်ထုတ်မည်၊ ရန်ကုန်မြို့ရှိ အဆောက်အအုံ ၁၀ လုံးကို အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်၊ စုပေါင်းမျက်ကြည်လွှာလှူဒါန်းပွဲကျင်းပမည် စသည့်သတင်းများနှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်) တစ်နှစ်ပြည့် သတင်းဆောင်းပါးတို့ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ခြင်ဆေးမီးပွား သေးငယ်ပြား ဒုက္ခများစွာ ပေးလိမ့်မည်

အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ နယ်မြေများအတွင်းမှ ၂၀၀၉-၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း သိမ်းဆည်းခဲ့သည့် စည်းကမ်းပျက် မော်တော်ဆိုင်ကယ်များအနက် လိုင်စင်ရှိ မော်တော်ဆိုင်ကယ်များအား (၁-၃-၂၀၁၁)ရက်နေ့မှ (၂၁-၃-၂၀၁၁)ရက်နေ့အထိ ၂၁ ရက်အတွင်း ပိုင်ရှင်အမှန်ဖြစ်ကြောင်း အထောက်အထားပြ၍ ဒဏ်ကြေးငွေ ကျပ်နှစ်သိန်း ပေးဆောင်ပြီး သက်ဆိုင်ရာယာဉ်ထိန်းနယ်မြေအသီးသီးသို့ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်းနှင့် ပြန်လည်ထုတ်ယူခြင်းမပြုသော မော်တော်ဆိုင်ကယ်များအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမည်ပြောင်း

အဖဦးသန်းငွေ ၁၃/နမတ(နိုင်) ၀၁၀၇၀၇ ၏သား လားရှိုးမြို့ အထက(၂) နဝမတန်း(G)မှ မောင်ကျော်ဇင်ဟိန်းအား မောင်ကျော်ဇင်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မိတ်ဆွေတို့ . . .

အေးချမ်းဆိတ်ငြိမ်ပြီး ရှခင်းကောင်းကောင်းနဲ့ လေညင်းခံပြီး စားသောက်ချင်တယ်ဆိုရင် **စခန်းသာစားသောက်ဆိုင်**ကို ကြွလှမ်းခဲ့ပါနော်။ တရုတ်၊ ယိုးဒယား၊ ဥရောပအစားအစာမျိုးစုံကို စျေးနှုန်းသက်သာစွာနဲ့ စားသုံးနိုင်ပါပြီ။

နေရာ- ရန်ကုန်-သန်လျင်တံတားအနီး
မြမြင့်မိုရ်မိုတယ်ရှေ့၊ သန်လျင်မြို့
ဖုန်း-၀၉-၇၃၁၆၄၈၃၅၊ ၀၉-၈၆၃၂၇၁၄။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မီးရထားရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၁၇၅ တွင် တည်ရှိသော AIM Trading Co.,Ltd. မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သားကို တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

A.Y.H ®

IV. ၁၀၇၂/၂၀၀၉ (၁၀-၂-၂၀၀၉)

အဆိုပါ A.Y.H တံဆိပ်အမှတ်အသားကို အသုံးပြု၍ ကုမ္ပဏီ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် အမည်နာမအဖြစ်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကုန်မာပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများဖြစ်သော သံဆန်ခါ၊ ချိန်းလိပ်၊ သံဆူးကြိုး၊ ဘရိတ်စား၊ ဆူးကြိုးနှင့်ပတ္တာ၊ ဂျလတ်၊ သော့နှင့်သော့ခလောက်အမျိုးမျိုး၊ ကုန်မာပစ္စည်းများဖြစ်သော အိမ်ရိုက်သံအမျိုးမျိုး၊ သွပ်သံအမျိုးမျိုး၊ သံကြိုးခွေအမျိုးမျိုးနှင့် ပေါက်ပြား၊ ပေါက်တူး၊ ဂေါ်ပြားတို့ကို ထုတ်လုပ်၍ မှတ်ပုံတင်သွင်း ကြေညာပြီးနောက် A.Y.H တံဆိပ်အမှတ်အသားဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

AIM Trading Co.,Ltd. မူပိုင် A.Y.H တံဆိပ်အမှတ်အသားဖြင့် စျေးကွက်တွင် အောင်မြင်မှုရရှိနေသောအနေအထားတွင် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် အချို့သောစီးပွားရေး လုပ်ငန်းရှင်များမှ ဆင်တူယိုးမှားပုံတူပုံမှားပြုလုပ်သော သော့ခလောက်အမျိုးမျိုး ပလာယာ၊ ဝက်အူလှည့်စသည့် ကုန်မာပစ္စည်းများတုပ၍ စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ A.Y.H အမှတ်တံဆိပ်၏ ကောင်းမွန်သော ဂုဏ်သတင်း၊ အရည်အသွေးနှင့် စျေးကွက်ရရှိနေမှုတို့ကိုတုပ၍ အိမ်သုံး၊ လုပ်ငန်းသုံး၊ ကုန်မာပစ္စည်းများအပေါ်တွင် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် လုံးဝမပြုလုပ်ကြပါရန်နှင့် စျေးကွက်အတွင်း တုပထုတ်လုပ်ထားသောပစ္စည်းများအား အမြန်ဆုံးပြန်လည် သိမ်းဆည်းကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန့်ဇော်
တရားရုံးချုပ်ရှေ့နေ(စဉ်-၇၃၄၁)

ဦးသန်းဦး
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)

ဦးဟိန်းသူကောင်း
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)

အမှတ် ၄၆၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ (ဦးဝင်းကို)-ဒေါ်မြင့်စိန်တို့၏သားသမီးရင်းများဖြစ်သော မသူဇာဝင်း ၆/မအရ(နိုင်)၁၁၂၅၆၅၊ မောင်ဖြိုးစင်၊ မောင်မြင့်မြတ်ဝင်း အမှတ်(၁) စည်ပင်သာလမ်း၊ ဇေယျာသီရိ(၄)ရပ်ကွက်၊ မြိတ်တောင်နယ်မြေ၊ မြိတ်မြို့နေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါပိုင်ဆိုင်မှုအရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

မြိတ်မြို့နယ်၊ ရပ်ကွက်အမှတ် (၂၃၅)၊ ဘုရားကိုင်ကွင်း၊ မြိတ်တောင်၊ ဦးပိုင်အမှတ် ၃၅၅၊ မြေဧရိယာ ၀ ဒသမ ၀၄၄၈ဧက (ခရိုင်မြေမှုအမှတ်-၂၆၆/၉၇-၉၈)အရ ၁၁-၈-၁၉၉၇မှ ၁၀-၈-၂၀၂၇အထိ မြေငှားဂရန်နှင့် အဆိုပါမြေကွက်များပေါ်ရှိ အဆောက်အအုံတို့မှာ မိဘများဖြစ်သူ(ဦးဝင်းကို)-ဒေါ်မြင့်စိန်တို့ အမည်ပေါက်ပိုင်ဆိုင်ခဲ့ကြပါသည်။

ဖခင် ဦးဝင်းကိုမှာ ၁၉၉၇ ခုနှစ်ကကွယ်လွန်ခဲ့သဖြင့် မြန်မာ့လေ့ထုံးတမ်းဥပဒေနှင့်အညီ ဒေါ်မြင့်စိန်နှင့် သားသမီးသုံးဦးက ဆက်ခံပိုင်ဆိုင်ရရှိခဲ့ပါသည်။ သို့သော် နောက်ပိုင်း၌ မိခင်ဖြစ်သူ ဒေါ်မြင့်စိန်သည် ဦးနိုင်ငွေးဆိုသူနှင့် ဒုတိယအိမ်ထောင်ပြုခဲ့သဖြင့် မိခင်ဖြစ်သူမှ ပိုင်ဆိုင်ခွင့်မရှိသူ၊ တစ်ပါးသူတစ်ဦးတစ်ယောက်အမည်ဖြင့် အထက်ပါနေအိမ်နှင့် မြေအကျိုးခံစားခွင့်အရပ်ရပ်ထဲတွင် ပိုင်ဆိုင်ခွင့်မရှိသူအမည်အား နေအိမ်နှင့်မြေငှားဂရန် အကျိုးခံစားခွင့်ထဲ၌ ထည့်သွင်းအမည်ပြောင်းလဲခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းများမပြုလုပ်ရန် သားသမီးရင်းများမှ သတိပေးတားမြစ်လိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးလွင်အောင်(နရီ-မြိတ်) LL.B, Advocate တရားရုံးချုပ်ရှေ့နေ(စဉ်-၆၆၁၂)
အမှတ် ၁၀၂၊ စစ်ကိုင်းလမ်း၊ မြိတ်တက္ကသိုလ်အနီး၊ ပုလဲဒီပါရပ်၊ မြိတ်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၃၉၏ လေးလွှာ(တတိယထပ်)နှင့် ငါးလွှာ(စတုတ္ထထပ်) အကျယ်အဝန်း (၂၅ပေ× ပေ၆၀)ရှိ တိုက်ခန်းနှစ်ခန်း၏ ပိုင်ရှင်(မြေရှင်)ဖြစ်သော ဦးနေမင်းနိုင် ၁၃/တကန(နိုင်)၀၈၃၅၅၈ (၄င်း၏မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်စာအမှတ် ၅၁၁/၂၀၁၁ အရ) ဒေါ်မာမာကြည် ၁၂/သကတ(နိုင်)၀၄၇၄၉၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက တိုက်ခန်းတန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းများနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံယနေ့မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်အားပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမင်း(ပေါင်းတည်)
LL.B (ADVOCATE)
တရားရုံးချုပ်ရှေ့နေ(၅၅၅၅)

ရုံးအမှတ် ၅၀၊ ဘဏ်လမ်း၊ (စီ/၃)၊
ပထမထပ်၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၀၅၈၄၇၊ ၀၉-၅၀၃၃၁၇၂။

သင့်သွေးဖြင့် အသက်ကယ်ပါ



မလှိုင်မြို့နယ်ပြည်သူ့ဆေးရုံကြီး တိုးမြှင့်ရန်အလှူငွေပေးအပ်

မလှိုင် ဖေဖော်ဝါရီ ၂၇

မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀) တိုးမြှင့်ရေးအတွက် အဆောင်သစ်ဆောက်လုပ်ရန် ပထမအကြိမ်အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ထို့နောက်အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေ-ဒေါ်လှစိန်ခင် မိသားစုက လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ ဖာပွန်မြို့နယ်၌ ကျင်းပ

ဖာပွန် ဖေဖော်ဝါရီ ၂၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ အခမ်းအနားတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်းက ဖာပွန်အခြေခံပညာအထက်တန်းကျောင်းသို့ ကွန်ပျူတာ၊ ပရင်တာနှင့်ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်သန်းက လက်ခံယူသည်။

တက်ရောက်

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မအူပင်မြို့နယ် တာပါတ်အနောက်ကျေးရွာ ကျေးရွာအဝင် ကျောက်ချောလမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ဖေဖော်ဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးမြတ်သူရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကွင်းဆင်းစစ်ဆေး

ရွှေကူမြို့နယ် ရွှေကူ-တိန်းဟွန်း ကျေးလက် ကျောက်ချောလမ်းခင်းနေမှုကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးညီညီနှင့် အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးချို့ဖိုးနိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ရွှေနှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nobel Gold Limited တို့၏ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဗန်းမောက်ဒေသ၌ ရွှေနှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ *စာမျက်နှာ ၈ ကော်လံ ၁* ❖

(၈၃)ကြိမ်မြောက် အော်စကာဆုပေးပွဲကျင်းပ

လော့စ်အိန်ဂျလိစ်ရှိ ကိုဒက်ပြဇာတ်ရုံကြီး အတွင်း ကျင်းပသည့် (၈၃) ကြိမ်မြောက် အော်စကာ ဆုပေးပွဲ မြင်ကွင်း....။

ဇော်ဦးခိုင် – ရေးသားသည်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၈

(၈၃)ကြိမ်မြောက် အော်စကာဆုပေးပွဲကျင်းပသည့် ဖေဖော်ဝါရီ ၂၇ ရက်၏ ညချမ်းကာလ....။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ရှိ ကိုဒက်ပြဇာတ်ရုံကြီး၏ ကော်ဇောနီခင်းလမ်းပေါ်၌ ဟောလိဝုဒ်ရုပ်ရှင်လောကမှ အကျော်အမော်တို့ အရောင်စုံအလှများဖြင့် ဝင်းလက်တောက်ပလျက်ရှိသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ◆

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယနေ့နံနက် ၇ နာရီ ၂၆ မိနစ် ၁၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၈-၂-၂၀၁၁

ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
ဖလမ်းမြို့	၆ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှု

၂၈-၂-၂၀၁၁

မြိတ်မြို့	၂ ဒသမ ၁၆ လက်မ